ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်၊ စနေနေ့၊ (23-8-2003) (၃၉၇၁)

ဗာဟုသစ္စ တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ယနေ့ထုတ် စောင်ရေ
၂၁၁၀၂၁

မိုး တော်မိုး ရာနှုန်းပြည့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင် ဒေသဆန်ဖူလုံရန် ပိုမိုစိုက်ပျိုး စိုက်ပျိုးရေအတွက် ဆည်နှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်နေ

ရန်ကုန် ဩဂုတ် ၂၂

မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဩဂုတ် ၂၂ရက် နံနက် ၇နာရီခွဲတွင် ပုဂံ–ညောင်ဦးမြို့ ဧည့်ရိပ်သာခန်းမ၌ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စပါးစိုက်ပျိုးရေးဆိုင်ရာများနှင့် ပတ်သက်သည်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

ရှေ့ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်စီမံမှုဖြင့် မန္တလေးတိုင်းရှိ ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်တို့ကို ဒေသဆန်ဖူလုံရန်၊ စပါးစိုက်ပျိုးမှုကို ယခင်ကထက် ပိုမိုစိုက်ပျိုးရန်၊ အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေအတွက် ဆည်များနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေပေးစနစ်များကောင်းမွန်ရေးနှင့် စိုက်ပျိုးရေရရှိလျှင် စပါးစိုက်လယ်မြေများ တိုးတက်စိုက်ပျိုးရေးတို့ကို လုပ်ဆောင်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများကလည်း စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

သတင်း၊ဆောင်းပါး အညွှန်း

ဂျပန်နိုင်ငံ ဆူကူမာ တက္ကသိုလ်မှ လူသားများကို ကူညီနိုင်သည့် စက်ရုပ်တစ်မျိုး တီထွင်နိုင်ခဲ့။
(နိုင်ငံတကာ သတင်းများ၊ စာ–၃၊ ၄၊ ၅)

မြန်မာ အမျိုးသမီးငယ်တိုင်း မြန်မာအမျိုးသမီးစစ်စစ်ဖြစ်သည်ဟူသောသတိရှိရုံမျှဖြင့် လုံလောက်ပါပြီ။
[ရတနာစည်ဆရာတော် (လှိုင်လင်)၏ဆောင်းပါး၊စာ–၆]

အမေရိကန်ဟာ နိုင်ငံပေါင်းများစွာအပေါ် အကြိမ်ပေါင်း ၁၂၀ အထိ စီးပွားရေးပိတ်ဆို့ အရေးယူခဲ့တယ်။ ၁၉၉၈ခုနှစ် တစ်နှစ်တည်းမှာပင် ကမ္ဘာ့လူဦးရေရဲ့ ၅၂ရာခိုင်နှုန်း နေထိုင်သော နိုင်ငံပေါင်း ၇၅နိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့တယ်။
(အောင်မိုးစံ၏ ဆောင်းပါး၊ စာ–၇)

ချောင်းမကြီး(ပျဉ်းမနား)

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင်ရှိသော ချောင်းမကြီး (ပျဉ်းမနား) ရေလှောင်တမံတွင် ရေထုတ်ပြွန် တည်ဆောက်လျက်ရှိသည်ကို ဩဂုတ် ၈ရက်က တွေ့ရစဉ်။ ဓာတ်ပုံ–အောင်မိုး(ကြေးမုံ)



လိုက်ဆည်ရေသောက်ဧရိယာများ ရေကူပေးရေးနှင့် ကျေးရွာများသို့ သောက်သုံးရေ ပေးဝေရေး ရည်ရွယ် ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံတည်ဆောက်

ကွင်းဆင်းလေ့လာရေးသားသူ–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း –အောင်မိုး(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်စေရန် ရည်မှန်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် အမှန်တကယ်ပင် အခြေခံကျသည့် စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သည်။

စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်စေရန် စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသောကြောင့် သဘာဝသယံဇာတဖြစ်သောရေကို လူသားစွမ်းအားဖြင့် ပေါင်းစပ်၍ ရေကို လိုအပ်သည့်အချိန်၊ လိုအပ်သည့် ပမာဏအတိုင်း ထိန်းချုပ်ဖြန့်ဝေပေးနိုင်သော ရေရရှိရေးလုပ်ငန်းအစုစုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

လုပ်ငန်းစတင်

နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကိုရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်မည့် အသေးစား၊အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ကြက်ဆူအိုင်ရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် ချောင်းမကြီးချောင်းကိုပိတ်၍ ရေလှောင်တမံတစ်ခုကိုတည်ဆောက်ရန် စူးစမ်းလေ့လာမှုများပြုလုပ်ပြီး လုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့သည် ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိခြင်းနှင့် ပတ်သက်ပြီး ကွင်းဆင်းလေ့လာရန်အတွက် ချောင်းမကြီး (ပျဉ်းမနား)ရေလှောင်တမံစီမံကိန်းတည်ရှိရာသို့ လွန်ခဲ့သော ဩဂုတ် ၈ရက်တွင် ရောက်ရှိ၍ လေ့လာရေးသားခွင့်ရခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃-၈-၂၀၀၃
(စနေနေ့)

အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အရည်အသွေးနှင့် စိတ်ဓာတ် ပြည့်စုံအောင်ပျိုးထောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အမိုခိုကင်းပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်ပါနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ရပ် ချမှတ်ကာ ဘက်စုံထောင့်စုံက အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဦးတည်ချက် ၁၂ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေး ဦးတည်ချက်လေးရပ်၌ **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဟူသော ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့် နည်းပညာရပ်များ၏ အံ့မခန်း တိုးတက်ဖြစ်ထွန်းမှုများကြောင့် ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို တွင်ကျယ်လွှမ်းမိုးပိုင်းဖြတ်လာနေသည့် ပညာခေတ်သို့ ရောက်ရှိနေပြီဟု ပညာရှင်များအားလုံးက အသိအမှတ်ပြုထားကြပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပညာရေးကဏ္ဍ၏ ကြိုးပမ်းစွမ်းဆောင်နိုင်မှု စွမ်းပကားကို အလေးအနက်ထားပြီး အမျိုးသားရေးအကျိုးစီးပွားကို ရေရှည်မျှော်မှန်းရေးဆွဲထားသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်း အဆင့်ဆင့်ကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာ ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၈ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **နည်းပညာတိုးတက်ပြောင်းလဲမှုများသည် ပညာရေးကဏ္ဍ၏ အခြေခံနှင့် အလားအလာများကိုလည်း ပြောင်းလဲဖြစ်ပေါ်စေလျက်ရှိသလို သင်ကြားမှုသင်ယူမှုနည်းစဉ်များနှင့် နည်းလမ်းများကိုလည်း လျင်မြန်စွာတိုးတက် ပြောင်းလဲစေလျက်ရှိကြောင်း၊ ထိုသို့အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် အခါသမယတွင် ကျောင်းသူ၊ကျောင်းသား လူငယ်များကို အနာဂတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အပြင် အနာဂတ်၏စိန်ခေါ်မှုများ၏ ကြားတွင် ရှင်သန်ဖွံ့ဖြိုးနိုင်သည့် အရည်အသွေးနှင့် စိတ်ဓာတ်တို့ဖြင့် ပြည့်စုံလာအောင် ပညာရေးကဏ္ဍကတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးလျက်လည်း ရှိနေပြီဖြစ်ကြောင်း** ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် တစ်ချိန်တည်းမှာပင် ထိုသို့ပေါ်ထွန်းလာသော လူ့စွမ်းအား အရင်းအမြစ် သယံဇာတများနှင့် နိုင်ငံတော်အတွင်း တည်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်သယံဇာတများ ပေါင်းစည်းမိစေပြီး အမျိုးသားရေး အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးအတွက်ပါ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

ထို့ကြောင့် ဆရာ၊ဆရာမများအပိုင်းက ကျောင်းသူ၊ကျောင်းသား လူငယ်များကို နိုင်ငံတော်အစိုးရ၏ မှန်မြတ်မြင့်မားသည့် မျှော်မှန်းချက်များနှင့်အညီ အနာဂတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အပြင် အမျိုးသားရေးအကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံ့သားကောင်း၊ သမီးမွန်များ ဖြစ်အောင်လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် ဆရာ၊ဆရာမများသည် မိမိတို့၏တပည့်များကို စာပေပညာသက်သက် သင်ကြားပေးရုံဖြင့်သာမလုံလောက်ဘဲ အသိအမြင် ကျယ်ပြန့်အောင်၊ အတွေးအမြင်ဗဟုသုတ ကြွယ်ဝအောင်၊ နိုင်ငံတကာအခြေအနေကို သိမြင်နားလည်ပြီး မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို တွင်ကျယ်လွှမ်းမိုးပိုင်းဖြတ်လာနေသည့် ပညာခေတ်တွင် ဆရာ၊ ဆရာမများက အမျိုးသားရေးစွမ်းအားစုအားလုံး၏ အရင်းအမြစ်ဖြစ်သော ကျောင်းသူ၊ကျောင်းသား လူငယ်များကို အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ စနစ်တကျ ပျိုးထောင်ပေးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တတိယအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့အစီအစဉ်များကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်း၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ဦးစန်းဝင်း၊တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ယနေ့ပြိုင်ပွဲတွင် အတီးပြိုင်ပွဲ၌ မြန်မာ့ဆိုင်းဝိုင်းတစ်ဦးချင်း (မောင်း၊ ခြောက်လုံးပတ်)၊ ခေတ်ပေါ်တီးဝိုင်း(အဖွဲ့လိုက်နှင့် တစ်ဦးချင်း) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဩဂုတ်၂၀ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရွှေကူမြို့အဝင်ရှိ ပေါင်းနက်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကျန်းမာရေးလမ်းညွှန် စာအုပ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ရွှေနန်းမှန်ကူ ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းထုတ်ဝေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် ကျန်းမာရေးပညာပေးမှု စာမျက်နှာများ အစုံလင်ဆုံး ပါဝင်သည့် ရန်ကုန် ကျန်းမာရေးလမ်းညွှန် စာအုပ်ကို ရွှေနန်းမှန်ကူ စာအုပ်တိုက် ဖုန်း-၂၄၅၀၂၄က ထုတ်ဝေဖြန့်ချိထားသည်။ **(အောက်ပုံ)**

အဆိုပါ စာအုပ်နှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၂၄၅၀၂၄ သို့ဖြစ်စေ၊ E-mail;yanmyot @ myanmar.Com.mm သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေဟောင်းသမိုင်းဝင် ရန်အောင်မြင် ဆုတောင်းပြည့်စေတီတော် ပြန်လည်ပြုပြင်ရေး အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့ နဝင်းနယ်မြေ ဖိုးခေါင်ရပ်ရှိ ပျက်စီးယိုယွင်း၍ပြန်လည်တည်ဆောက်လျက်ရှိသော မပိုတစ်ထောင်၊ ဗိုလ်တစ်ထောင် ရန်အောင်မြင် ဆုတောင်းပြည့် ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေး အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၀ရက် နံနက် ၉နာရီက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၂၉ရပ်ကွက် စောရန်ပိုင်လမ်း အမှတ် ၇၃၅၌ ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လ၊ တိုင်းအကျိုးတော်ဆောင် ဆရာတော်နှင့် အဖွဲ့ဝင် သံဃာတော်များ၊ တာဝန်ခံ ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏနှင့်ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၏ ဇနီး ဒေါ်ခင်ညွန့်မြိုင်နှင့် မြို့တော်စည်ပင်ဝန်ထမ်းများ၊ မြန်မာ့ကြံလုပ်ငန်းမှတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊အလှူရှင်များတက်ရောက်ကြသည်။

ရေစက်ချ

ဆက်လက်၍ စေတီတော်ကြီး ပြန်လည် တည်ဆောက်ရေးအတွက် အလှူရှင် ၂၀ဦးတို့က အလှူတော်ငွေ ကျပ် ၈၇သိန်းကို လှူဒါန်းကြသည်။ ထို့နောက် ရန်ကုန်တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာ မြွက်ကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ရန်အောင်မြင် ဆုတောင်းပြည့် ရှေးဟောင်း စေတီတော်ကြီးအား ပြန်လည် တည်ဆောက်ရာတွင် ကုသိုလ်ပါဝင် လှူဒါန်းလိုသူ အလှူရှင်များသည် ဖုန်း- ၀၁-၆၆၅၂၉၅နှင့်၀၁-၂၀၂၉၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဩဂုတ် ၂၂

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးတင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင်တရားရုံးချုပ်(ရန်ကုန်)ရုံးခန်း အမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှုသုံးမှုနှင့် ပြစ်မှုဆိုင်ရာအထူးအယူခံမှု ရှစ်မှုကို စီရင်ချက်ချမှတ်သည်။ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် တရားမအထူး အယူခံမှုလေးမှုကို ရုံးထိုင်ကြားနာကြသည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ စာမူများသတ်မှတ်ရက်အမီ ပေးပို့ရေးထပ်မံနှိုးဆော်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၃ခုနှစ်(၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ယခုဩဂုတ် ၃၁ရက်ဖြစ်၍ အချိန်မီပေးပို့ကြရန် ထပ်မံနှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ဒါတွေကို သိဖို့လိုတယ်

✳ မြှောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်ပြန်လည်ထူထောင်ရေး ကုလသမဂ္ဂ ဆက်လက်ကူညီမည် ကုလဝန်ထမ်းများအတွက် လုံခြုံရေးအစီအစဉ်များ လိုအပ်

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂရုံးစိုက်ရာ ဟိုတယ်၌ ကားဗုံးပေါက်ကွဲ၍ သေဆုံးသူများအတွက် ဩဂုတ် ၂၀ ရက်က ဆုတောင်းမေတ္တာပို့သနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂ ဩဂုတ် ၂၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးတည်ရှိရာ အဆောက်အအုံတွင် လူအသေအပျောက်များပြားသည့် အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ဗုဒ္ဓဟူးနေ့က ဆုတောင်းမေတ္တာပို့သသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပသည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး အဆောက်အအုံ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်ရပ်အတွင်း သေဆုံးခဲ့ရသူများ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ကုလသမဂ္ဂဝန်ထမ်းများနှင့် မိတ်ဆွေသင်္ဂဟများသည် နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ် ခြံဝင်းရှေ့တွင် စုဝေးကာ ဦးစွာငြိမ်သက်စွာရပ်နေခဲ့ကြပြီး ယင်းနောက်တွင် ဖယောင်းတိုင်မီးများကို ထွန်းညှိကာ ငြိမ်းချမ်းရေးတေးသံများကို သီဆိုကျူးရင့်ခဲ့ကြသည်။

သန္နိဋ္ဌာန်ချမှတ်

ငြိမ်းချမ်းရေး ဆုတောင်းမေတ္တာပို့သသည့် အခမ်းအနားတွင် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ၌ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု ဖြစ်ပေါ်စေရေး၊ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းအားထုတ်နေသော အီရတ်ပြည်သူလူထုကို အားပေးကူညီမှု ဆက်လက်ပြုလုပ်သွားရန် ကုလသမဂ္ဂက သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်က ညွှန်းဆိုနေသောအချက်မှာ ကုလသမဂ္ဂဝန်ထမ်းများအတွက် ပြည့်စုံလုံလောက်သော လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ခြင်းပင်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး မီခေးလ်ဝေဘီက ဖတ်ကြားသော အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ မီခေးလ်ဝေဘီသည် ဩဂုတ်လအတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌတာဝန်ကို ရယူထားသူဖြစ်သည်။ ***အင်တာနက်။***

ဆုတောင်းမေတ္တာပို့သ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂရုံးစိုက်ရာ ဟိုတယ်တွင် ကားဗုံးပေါက်ကွဲပြီးနောက် သေဆုံးသူများအတွက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် ဩဂုတ် ၂၀ ရက်က ဖယောင်းတိုင်များ ထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ထောက်ပံ့ရေးယာဉ်တန်း အတိုက်ခံရ အမေရိကန်စစ်သားတစ်ဦးသေပြီး တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အမေရိကန် ဗဟိုကွပ်ကဲမှုဌာနချုပ်က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်၌ ဘဂ္ဂဒက်မြို့၏ တောင်ဘက်တစ်နေရာတွင် အမေရိကန်စစ်ယာဉ်တန်းအား ပစ်ခတ်ခဲ့ပြီးနောက် တစ်ဆက်တည်း ဖြစ်ပွားသော မတော်တဆဖြစ်မှုကြောင့် အမေရိကန်စစ်သားတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိသွားသည်ဟု ဖော်ပြထားသည်။

တိုက်ခိုက်

အမေရိကန်စစ်သားများသည် ထောက်ပံ့ရေးစစ်ယာဉ်တန်းဖြင့် နိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်းရှိ ဒီဝါနီရာမြို့ဆီသို့ သွားနေစဉ် လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ထိုမြို့သည် ဘဂ္ဂဒက်မြို့၏ တောင်ဘက် ၁၁၂ မိုင်အကွာတွင် တည်ရှိသည်။

သေဆုံး၊ ဒဏ်ရာရ

ထိုသို့ အပစ်ခံနေရစဉ် စစ်ယာဉ်တန်းပါ ယာဉ်တစ်စီးနှင့်တစ်စီး တိုက်မိသွားရာ အမေရိကန်စစ်သားတစ်ဦး သေဆုံးခဲ့ရပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရသွားသူမှာ ဆေးဝါးကုသမှုခံရပြီးနောက် တာဝန်ပြန်လည်ထမ်းဆောင်နေပြီဟုဆိုသည်။

ထိုစစ်သားနှစ်ဦးစလုံးမှာ ကူဝိတ်နိုင်ငံတွင် ချထားသော အမှတ်(၃) ထောက်ပံ့ရေးတပ်ဌာနချုပ်မှ ဖြစ်ကြသည်။ ***အင်တာနက်။***

နိုင်ငံခြားသတင်းများ

အမေရိကန် စစ်ယာဉ်တန်း တီကရစ်မြို့လယ်၌ ပစ်ခတ်ခံရမှု ကန်ထရိုက်တစ်ဦးသေပြီး အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံအလယ်ပိုင်း ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ တီကရစ်၌ အမေရိကန်စစ်သားများအား ပြောက်ကျားများက ဗုဒ္ဓဟူးနေ့တွင် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်သဖြင့် ကန်ထရိုက်တာတစ်ဦး သေဆုံးပြီး အမေရိကန်စစ်သားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်တပ်မှ ဗိုလ်မှူးဘရိုင်ယန်လုက ပြောဆိုသည်။ သေဆုံးသူ ကန်ထရိုက်တာမှာ မည်သည့်လူမျိုးဖြစ်သည်ကိုမူ ဗိုလ်မှူးလုက မပြောကြားပေ။

ပစ်ခတ်

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် မိုင် ၁၁၀ ခန့်အကွာ တီကရစ်မြို့လယ် ဈေးအနီးတွင် အမေရိကန်စစ်သားများ စီးနင်းလိုက်ပါသည့် မော်တော်ကားသုံးစီးကို တိုက်ခိုက်ရေး ရိုင်ဖယ်များဖြင့် ပစ်ခတ်သည်ဟုဆိုသည်။

ဒဏ်ရာရနိုင်

သေနတ်သမားသုံးဦးက အေကေ-၄၇ ရိုင်ဖယ်များဖြင့် အမေရိကန်စစ်ယာဉ်တန်းကို ပစ်ခတ်ကြောင်း၊ တိုက်ခိုက်သူတစ်ဦး ဒဏ်ရာရသွားကြောင်း ဗိုလ်မှူးလုက ပြောဆိုသည်။ ယင်းသို့ ပစ်ခတ်ကြရာတွင် အီရတ်အရပ်သားများလည်း ထိခိုက်ဒဏ်ရာရနိုင်ကြောင်းဖြင့်လည်း ၎င်းက ထည့်သွင်းပြောဆိုသည်။

အီရတ်နိုင်ငံ၌ တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတ ဘုရှ်က မေ ၁ ရက်တွင် ကြေညာပြီးနောက် ပြောက်ကျားများပစ်ခတ်၍ သေဆုံးသည့် အမေရိကန်စစ်သား ၆၁ ဦး ရှိပြီဟု သိရသည်။

အင်တာနက်။

ပေါ်တူဂီ အပူလှိုင်း လူ ၁၃၀၀ သေဆုံး

လစ္စဘွန်း ဩဂုတ် ၂၁

ပေါ်တူဂီနိုင်ငံတွင် ဇူလိုင်လကုန်ပိုင်းမှ ဩဂုတ် ၁၂ ရက်ထိ အပူလှိုင်းကျရောက်ခဲ့မှုကြောင့် လူပေါင်း ၁၃၀၀ ခန့် သေဆုံးခဲ့ကြောင်း ပေါ်တူဂီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းအပူလှိုင်းမှာ အဆိုးရွားဆုံးနှင့် ရက်အကြာဆုံးအဖြစ် ပေါ်တူဂီနိုင်ငံတွင် မှတ်တမ်းတင်ထားသည်။ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီ ဖာရင်ဟိုက်)ရှိသော အဆိုပါ အပူလှိုင်း ကျရောက်ခဲ့မှုကြောင့် သက်ကြီးရွယ်အိုများကို ဆေးရုံတင်ပို့ ကုသခဲ့ရသည်။

ထို့ပြင် အပူလှိုင်းကြောင့် ပေါ်တူဂီနိုင်ငံ၏ အနှစ် ၂၀ အတွင်း အဆိုးရွားဆုံး တောမီးလောင်ကျွမ်းမှုကို ပိုမိုဖြစ်ပေါ်စေပြီး သစ်တောဟက်တာ ၂၁၅၀၀၀ ဆုံးရှုံးခဲ့ရသည်။ တောမီးကြောင့် လူ ၁၈ ဦး သေဆုံးပြီး ၁၁၈၆ ဦး ဒဏ်ရာရရှိခဲ့ကာ ၁၅၀ ဦး အိုးအိမ်မဲ့ဖြစ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန် ယာဉ်တန်းကို ဗုံးခွဲ စစ်သားလေးဦး ဒဏ်ရာရဟု ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် စစ်ယာဉ်တန်းတစ်ခုကို လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သည်ကို ဗုဒ္ဓဟူးနေ့က ခံခဲ့ရရာ အမေရိကန်စစ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖြစ်ပွား

ထိုတိုက်ခိုက်မှုမှာ ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သော တီကရစ်မြို့အနီးရှိ ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမှတ်(၄)ကြည်းတပ်မမှ ဒုတိယဗိုလ်မှူးကြီး ဝီလျံမက်ဒေါ်နယ်က ဆိုသည်။

ဖောက်ခွဲ

မေ ၁ ရက်မှစ၍ ရေတွက်လျှင် ပြောက်ကျားတိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သား ၆၁ ဦး အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ တိုက်ခိုက်မှုအများစုမှာ လမ်းမများပေါ်တွင် လက်လုပ်မိုင်းဗုံးများ ထောင်ထားပြီး စစ်ယာဉ်တန်းများ ဖြတ်သွားစဉ် ဖောက်ခွဲသည့်ပုံစံဖြင့် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်ရှိ ကုလသမဂ္ဂရုံး ကားဗုံးဖောက်ခွဲခံရမှု သေဆုံးသူများ စာရင်းထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံးကို အင်္ဂါနေ့က ကားဗုံးဖောက်ခွဲမှုကြောင့် သေဆုံးသူများစာရင်းကို ထုတ်ပြန်လိုက်သည်။

သေဆုံးသူများ

၎င်းတို့မှာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးရုံးမှ ဖိလစ်ပိုင်နိုင်ငံသား ရာနီကို ဗျူနာဗင်ဗူရာ၊ ယူနီဆက်ဖ်၏ အီရတ်ဆိုင်ရာ အစီအစဉ်ညှိနှိုင်းရေးမှူး ကနေဒါနိုင်ငံသား ခရစ်ကလိန်ဘိမန်၊ အမေရိကန် ခရစ်ယာန်ကလေးများ ရန်ပုံငွေအဖွဲ့မှ ကနေဒါနိုင်ငံသား ဂီလီယန်အယ်ကလပ်၊ နိုင်ငံခြားဆက်ဆံရေးကောင်စီ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးဌာန ညွှန်ကြားရေးမှူး အမေရိကန်နိုင်ငံသား အာသာစီဟယ်တန်၊ ကုလသမဂ္ဂ နိုင်ငံရေးရာဌာနမှ အမေရိကန်နိုင်ငံသား ရစ်ချတ်ဟူးပါး၊ ဒီမဲလို၏ ရုံးဝန်ထမ်းအဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံမှ မာရီကင်ဟင်ဆျူရယ်၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးရုံးရှိ အမေရိကန်မှ မာသာတီးစ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အီရတ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဘရာဇီးနိုင်ငံသား မစ္စတာဒီမဲလို၊ မစ္စတာဒီမဲလို၏ ရုံးဝန်ထမ်းအဖွဲ့ဝင် ဗြိတိန်နိုင်ငံမှ အက်ဖ်ဝပ်တဆင်၊ မစ္စတာဒီမဲလို၏ ရုံးဝန်ထမ်းအကြီးအကဲ အီဂျစ်နိုင်ငံမှ နာဒီယာယူနက်စ်တို့ ဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးစိုက်ရာ ဟိုတယ်တွင် ကားဗုံး ပေါက်ကွဲပြီးနောက် ဩဂုတ် ၂၀ ရက် ညပိုင်းက အပျက်အစီးများကြား၌ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက် နေစဉ်။ (ယင်းကဲ့သို့ ပေါက်ကွဲမှု ဖြစ်ပွားသော်လည်း ကုလသမဂ္ဂ သည် အီရတ်နိုင်ငံတွင် လုပ်ငန်းများ ဆက်လက် ဆောင်ရွက်မည်ဖြစ် ကြောင်း ကြေညာထားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် ကုလသမဂ္ဂလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည် ဗုံးပေါက်ကွဲမှုဖြစ်ရပ် အမေရိကန်တပ်ဖွဲ့များအပေါ် ပြစ်တင်ဝေဖန်

နယူးယောက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂကိုယ်စားလှယ်ဌာနချုပ် အဆောက်အအုံတွင် အင်္ဂါနေ့ကဖြစ်ပွားခဲ့သော ပေါက်ကွဲမှုဖြစ်ရပ်ကြောင့် ကမ္ဘာတစ်ဝန်းလုံးက တုန်လှုပ်ချောက်ချားခဲ့ရသည်။ စကင်းဒီနေးဗီးယားခရီးစဉ်ကို ဖျက်ပြီး နယူးယောက်မြို့သို့ ပြန်လာရသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်ဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုအတောအတွင်း အီရတ်နိုင်ငံအတွင်း တည်ငြိမ်မှုတစ်စွန်းတစ်စမျှ မဆောင်ရွက်နိုင်သည့် အမေရိကန်တပ်ဖွဲ့များအပေါ် ပြစ်တင်ဝေဖန်မှုများ တိုးပွားလာသကဲ့သို့ ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုဖြစ်ရပ်အတွက် အမေရိကန်တို့တွင် တာဝန်ရှိကြောင်းလည်း ပြစ်တင်ပြောကြားကြသည်။

တောင်းဆိုပြောကြား

အီရတ်အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင် အာမတ်ရှယ်လာဘီကလည်း အီရတ်ရဲတပ်ဖွဲ့တွင် အီရတ်တို့ ကိုယ်တိုင် ပိုမိုပါဝင်ဆောင်ရွက်ခွင့်ရရန် တောင်းဆိုပြောကြားလိုက်သည်။ ထို့အပြင် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အခွင့်အာဏာ ပိုမိုကျယ်ပြန့်လာရေးအတွက်လည်း တောင်းဆိုမှုများရှိနေသည်။ ***စီအက်ဖ်အိုင်။***

ကုလသမဂ္ဂရုံး ဗုံးပေါက်ကွဲမှု အက်ဖ်ဘီအိုင် စုံစမ်း မည်သူ့လက်ချက်ဖြစ်သည်ကို သဲကွဲစွာ မသိရသေး

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ်ကို ထရပ်ကားဗုံးနှင့် ဖောက်ခွဲမှုဖြစ်ပွားခဲ့သည်။ ထိုဖောက်ခွဲမှုတွင် အသုံးပြုခဲ့သော ပေါက်ကွဲစေသောပစ္စည်းများသည် ဆက်ဒမ်ဟူစိန်၏လက်ထက်က ကျန်ရစ်သော ဖောက်ခွဲပစ္စည်းများကို အသုံးပြုထားခြင်းဖြစ်သည်။ ထိုဗုံးများထဲတွင် ကြီးမားသောပေါင် ၅၀၀ ဗုံးတစ်လုံးလည်း အပါအဝင်ဖြစ်သည်ဟု အမေရိကန် ထောက်လှမ်းရေးဌာန (အက်ဖ်ဘီအိုင်)က ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အမေရိကန်အရာရှိများနှင့် အီရတ်အရာရှိများက ယခုဖောက်ခွဲမှုသည် ဆက်ဒမ်အား သစ္စာခံသူများ၏ လက်ချက်ဖြစ်သည်၊ သို့မဟုတ် ပြည်ပမှ အီရတ်သို့ဝင်လာသော အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်သည်ဟု အတိအကျ ပြောကြားရန်မှာ စောလွန်းနေသေးသည်ဟု ဆိုသည်။

ဗုံးပေါက်ကွဲမှုကြောင့် အထပ်သုံးထပ်ရှိ ကယ်နယ်ဟိုတယ် ပြိုကျသွားရာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး အပါအဝင် လူ ၂၀ ဦး သေဆုံးသွားသည်။ အပျက်အစီးများအကြား ပိတ်မိနေသောလူများ ရှိနေနိုင်သဖြင့် သေဆုံးသူဦးရေမှာ တိုးလာစရာ ရှိသည်ဟု အရာရှိများက ပြောကြားကြသည်။

ပြီးခဲ့သော ကြာသပတေးနေ့ စောစောပိုင်းက အီရတ်နိုင်ငံမြောက်ဘက် အာဘာရာမြို့တွင် လယ်ယာတောထဲမှ အိမ်တစ်အိမ်ကို အမေရိကန်တပ်ဖွဲ့များက ဆက်ဒမ်ဟူစိန်ကို ဖမ်းမိရန်ရည်ရွယ်ပြီး ဝင်ရောက်စီးနင်းခဲ့ကြသည်။ ထိုစီးနင်းမှုတွင် ဆက်ဒမ်အား မမိခဲ့ကြပေ။ သတင်းပေးထံမှ ရသော သတင်းသည် မှားယွင်းနေသော သတင်းသော်လည်းကောင်း၊ အချိန်နောက်ကျမှရသော သတင်းသော်လည်းကောင်း ဖြစ်နိုင်သည်ဟုဆိုသည်။ ဆက်ဒမ်ဟူစိန်အား သစ္စာခံသူတစ်ဦးပိုင်သော အိမ်အတွင်းမှ လူငါးဦးကို အမေရိကန်စစ်သားများက ဖမ်းဆီးသွားပြီး စစ်ဆေးလျက်ရှိသည်။

ပေါင်၅၀၀ ရှိ

ဘဂ္ဂဒက်ရှိ ဗုံးပေါက်ကွဲရာနေရာတွင် ထိုကိစ္စနှင့် သက်ဆိုင်သော သဲလွန်စများရရှိရန် အမေရိကန် အက်ဖ်ဘီအိုင်အဖွဲ့မှ စုံထောက်များက စုံစမ်းလျက်ရှိကြသည်။ ထိုဗုံးမှာ ပေါင် ၁၀၀၀ ခန့်ရှိ ပေါက်ကွဲစေသော ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ ထိုဗုံးကို စစ်ကျန်ကျန် ခဲယမ်းများဖြစ်သော မော်တာ ဗုံးသီးများ၊ အမြောက်ဆန်များ၊ လက်ပစ်ဗုံးများနှင့် ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးတစ်လုံးတို့ဖြင့် စီမံပြုလုပ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်ဟု အထူးထောက်လှမ်းရေးမှူး သောမတ်ဖျူတစ်က ပြောကြားသည်။

မူလက ထိုပေါက်ကွဲစေသော ပစ္စည်းများကို ကွန်ကရစ်ဘိလပ်မြေသယ်သော ကားပေါ်မှာတင်သွားပြီး ဖောက်ခွဲခဲ့သည်ဟု ယူဆထားခဲ့ကြသည်။ သို့သော် ထိုသို့မဟုတ်ဘဲ ရှရှားလုပ် ကားမတ်ခေါ် ကားဖြင့် သယ်ဆောင်ဖောက်ခွဲခြင်းဖြစ်ကြောင်း တွေ့ရသည်ဟုဆိုသည်။ ဗုံးကို ခေတ်မီသောနည်းဖြင့် ကျွမ်းကျင်စွာ စီမံထားခြင်းမဟုတ်သည်ကို တွေ့ခဲ့ကြရသည်။

တူးဆွနေ

ပေါက်ကွဲစေသော ပစ္စည်းများ တင်ဆောင်လာသည့်ကားကိုကွန်ကရစ်နံရံအနီး မောင်းလာပြီး ဖောက်ခွဲခဲ့ကြခြင်းဖြစ်သည်။ အဆောက်အအုံ ပြိုကျသွားပြီးနောက် အချို့ ပေါက်ကွဲစေတတ်သောပစ္စည်းများမှာ မပေါက်ကွဲသေးဘဲ ကျန်နေသည်။ သို့ဖြစ်၍ စုံထောက်များနှင့် ကယ်ဆယ်ရေးသမားများမှာ ကျန်နေသော ဗုံးများ မပေါက်ကွဲစေရန် သတိနှင့် တူးဆွနေကြရသည်ဟု ဆိုသည်။

ဆက်ဒမ်၏လက်ထက်က ကျန်ရစ်သော ခဲယမ်းမီးကျောက်များထားသည့်နေရာကို လက်လှမ်းမီသူတစ်ဦးက ဝင်ရောက်၍ ခဲယမ်းများကို ကားပေါ်သို့တင်ပြီး ဖောက်ခွဲမှုအတွက် စီမံခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းရေးမှူး ဖျူတစ်က ပြောကြားသည်။

တွေ့ရှိခဲ့

ကုန်ခဲ့သောလများအတွင်းက အမေရိကန်စစ်သားများသည် အီရတ်နိုင်ငံတစ်ဝန်း၌ လက်နက်များ သိုလှောင်ထားရာနေရာအများအပြားကို တွေ့ရှိခဲ့ကြသည်။

ဩဂုတ် ၂၁ ရက်က တရုတ်ပြည် အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ် မြို့တော် ချန်ချူးတွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် အစားအစာပြပွဲတွင် ပြပွဲလာပရိသတ်များ ကြီးမားလှသည့် ရွှေဖရုံသီးကြီးကို တအံ့တသြ ကြည့်ရှုနေကြစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ကနေဒါတောမီး ပိုမိုကျယ်ပြန့်လာ

အော့တဝါ ဩဂုတ် ၂၁

ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှာ ကျယ်ပြန့်လာသဖြင့် ကနေဒါနိုင်ငံအနောက်ဘက် ဗြိတိသျှကိုလံဘီယာပြည်နယ်၏ အရှေ့တောင်ဘက်ဒေသတွင်နေထိုင်သူ ထောင်ပေါင်းများစွာကို နေအိမ်များမှ စွန့်ခွာရန် ညွှန်ကြားထားသည်။

အဆိုပါပြည်နယ်ရှိ ကယ်လိုနာဒေသ၏ အရှေ့တောင်ဘက်တွင် လောင်ကျွမ်းသော တောမီးသည် တစ်နေ့လျှင် သစ်တောဟက်တာ ၆၀၀ လောင်ကျွမ်းပြီး ဒေသခံ ၂၀၀၀ ကျော်အား နေအိမ်များမှ ဖယ်ရှားရန် ပြောထားသည်။

ပြည်နယ်အစိုးရက မီးငြိမ်းသတ်မှုတွင် ကူညီရန် ကနေဒါစစ်တပ်မှ စစ်သား ၃၄၀ ကျော်ကို တောင်းခံထားသည်။ ယခုနှစ်နွေရာသီတွင် ဗြိတိသျှကိုလံဘီယာပြည်နယ်၌ တောမီးလောင်ကျွမ်းမှု အကြိမ် ၂၀၀ ကျော် ဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာသည် ဩဂုတ် ၂၀ ရက်က အင်ဘီစီသတင်းဌာနနှင့် တွေ့ဆုံခဲ့သည်။ ၎င်းက ယခုဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ အယူအဆနှစ်မျိုးရှိသည်ဟုပြောကြားသည်။ အယူအဆတစ်ရပ်မှာ ဆက်ဒမ်၏ နောက်လိုက်များ၏ လက်ချက်ဟု မှတ်ယူထားခြင်းဖြစ်ပြီး အခြားအယူအဆမှာ ပြည်ပမှဝင်ရောက်လာသူများ၏ လက်ချက်ဖြစ်သည်ဟူသော အယူအဆဖြစ်သည်။ ယခုအခါ အီရတ်ပြည်တွင်း၌ ပြည်ပမှဝင်ရောက်လာသော အကြမ်းဖက်သမား ၁၀၀ ဦး မကရှိသည်ဟု မှတ်ယူထားကြသည်။ ကုလသမဂ္ဂအဆောက်အအုံ ဗုံးဖောက်ခွဲမှုတွင် မည်သည့်အယူအဆက မှန်နိုင်ခြေရှိသည်ကို ဘရီမာက ထုတ်ဖော်ပြောကြားသွားခြင်းမရှိဟု ဆိုသည်။

လက်ရာခြေရာ

အမေရိကန်တို့ ရွေးချယ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီကမူ ယခုဖောက်ခွဲမှုမှာ ဆက်ဒမ်အား သစ္စာခံသူများ၏ လက်ချက်ဖြစ်သည်ဟုဆိုသည်။ ထိုသို့ ယူဆနိုင်ရန်အတွက် ကနဦးကပင် ကြိုတင်ရရှိထားသော သတင်းများကို တွေ့ရပြီး လက်ရာခြေရာများလည်း တွေ့ထားရကြောင်း အီရတ်အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မူဝါဖက်အယ်ရာဘီက ပြောကြားသွားသည်။ ***အင်တာနက်။***

အမေရိကန်နှင့်အပေါင်းပါ တပ်သားများအား ခြိမ်းခြောက်သည့် လက်ကမ်းစာများ တွေ့ရှိရ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြို့လယ်ကောင်ရှိ ပါလက်စတိုင်းဇိမ်ခံဟိုတယ်အနီးတွင် အမေရိကန်နှင့် အပေါင်းပါတပ်သားများ မည်သည့်နေရာရောက်ရောက် တိုက်ခိုက်မှုပြုလုပ်မည်ဟု ခြိမ်းခြောက်ထားသည့် သတိပေးလက်ကမ်းကြေညာချက်များကို ဗုဒ္ဓဟူးနေ့က တွေ့ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ရိုက်နှိပ်ထား

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးအားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် နာရီပိုင်းအတွင်း ပါလက်စတိုင်းဟိုတယ်အနီး မြေကြီးပေါ်တွင် နံနက်ပိုင်းက အဆိုပါ လက်ကမ်းကြေညာချက်များကို တွေ့ရှိရခြင်းဖြစ်သည်။ ယင်းလက်ကမ်းကြေညာချက်များကို အာရေဗျနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရိုက်နှိပ်ထားပြီး အဆိုပါဟိုတယ်အား အမေရိကန်နှင့် အပေါင်းပါတပ်သားများက စောင့်ကြပ်လျက်ရှိကြောင်း ၎င်းဟိုတယ်ရှိအစောင့်များက ပြောကြားသည်။

မိမိတို့က ဖော်ပြပါ လက်ကမ်းကြေညာချက်များကို ဟိုတယ်တစ်ဝိုက်တွင်တွေ့ရှိပြီး အုပ်ချုပ်ရေးအဖွဲ့ကို လွှဲပြောင်းပေးအပ်လိုက်ကြောင်း အာယက်ဆိုသူ အစောင့်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ကုလသမဂ္ဂဌာနချုပ်တွင် ကားဗုံးမဖောက်ခွဲမီ ရက်သတ္တပတ်ကပင် အဆိုပါ သတိပေးလက်ကမ်းကြေညာချက်များ ဟိုတယ်ဝန်းကျင်တွင် ပြန့်ကျဲလျက်ရှိနေကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဘဂ္ဂဒက်သို့ တူရကီစေလွှတ်

အန်ကာရာ ဩဂုတ် ၂၁

တူရကီနိုင်ငံသည် ဘဂ္ဂဒက်ရှိ ကားဗုံးထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သော ကုလသမဂ္ဂဌာနချုပ်တွင် ကယ်ဆယ်မှုများ ဆောင်ရွက်ရန် ရှာဖွေကယ်ဆယ်ရေးသမားကိုးဦးနှင့် ဆရာဝန်တစ်ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဗုဒ္ဓဟူးနေ့က ဘဂ္ဂဒက်သို့ စေလွှတ်ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အဆိုပါအဖွဲ့တွင် အနံ့ခံခွေးနှစ်ကောင်နှင့် ရှာဖွေကယ်ဆယ်မှုအတွက် ထောက်ပံ့ရေးယာဉ်များ ပါဝင်သည်။ ဘဂ္ဂဒက်သို့ အတွေ့အကြုံရှိသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ပေးရန် အမေရိကန်သံရုံးက တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသို့ တောင်းခံခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှုကိုအခြေခံ အီရတ်နှင့်ကူဝိတ်နိုင်ငံ ဆက်ဆံရေးရင်းရင်းနှီးနှီးရှိ

ကူဝိတ်စီးတီး ဩဂုတ် ၂၁

အီရတ်နှင့် ကူဝိတ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုသည် သဟဇာတညီညီ ရင်းရင်းနှီးနှီးရှိကြောင်း ကူဝိတ်စီးတီးသို့ အလည်အပတ်ရောက်ရှိလာသည့် အီရတ်အုပ်ချုပ်ရေးအကြီးအကဲ အီဘရာဟင် အယ်ဂျာဖာရီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ထောက်ပြ

၁၉၉၀ ပြည့်နှစ်က ကူဝိတ်နိုင်ငံအား ဆက်ဒမ်ဟူစိန်အစိုးရလက်ထက်က ကျူးကျော်ဝင်ရောက်ခဲ့မှုကြောင့် အိမ်နီးချင်းနှစ်နိုင်ငံဆက်ဆံရေးကို ပြတ်တောက်စေခဲ့ရသည့် ထူးခြားသည့်ဖြစ်ရပ်ကို ၎င်းက ထောက်ပြလိုက်သည်။

ယူဆ

မိမိတို့အနေဖြင့် ယခင်အချိန်ကြာမြင့်စွာကတည်းကရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံမျိုးအတိုင်း ရှိသင့်သည်ဟုယူဆကြောင်း ၎င်းကပြောကြားသည်။

အခြေခံ

နှစ်နိုင်ငံ အပြန်အလှန် ယုံကြည်မှုနှင့်လေးစားမှုကို အခြေခံကာ အီရတ်နိုင်ငံနှင့် ရင်းရင်းနှီးနှီး ညီနောင်ပမာ ဆက်ဆံရေးကို တိုးမြှင့်ရန် ဆန္ဒရှိကြောင်း ကူဝိတ်ကက်ဘိနက်အဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဖော်ဆောင်မည်

အယ်ဂျာဖာရီ၏ ခရီးစဉ်သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများအတွက် အပြုသဘောဆောင်သည့် ရလဒ်များကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး ရှိတ်အယ်ဘာဘားက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကုလသမဂ္ဂအတွက် လုံခြုံရေးနည်းပါးဟု ဒီမဲလိုးပြောကြားခဲ့

ကုလသမဂ္ဂ ဩဂုတ် ၂၁

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ ပြန်လည် တည်ဆောက်ရေးအတွက် သွားရောက်ကူညီလျှင် လုံခြုံရေးမှာ အနည်းအကျဉ်းသာရှိပြီး တစ်ဦးတစ်ယောက်က ကုလသမဂ္ဂကို ပစ်မှတ်ထားမည်ဆိုလျှင်အချိန်မရွေး အန္တရာယ်ကျနိုင်ကြောင်းကို ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး ကားဗုံးပေါက်ကွဲမှုတွင် သေဆုံးသွားခဲ့သည့် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်ကိုယ်စားလှယ် ဆာဂျီယိုဒီမဲလိုးက လွန်ခဲ့သည့် သီတင်းသုံးပတ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် ၎င်း၏ခွင့်ပြုချက်မရဘဲ တိုက်ခိုက်ခဲ့သည့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်ခံခဲ့ရသည်။ ယင်းသို့ ရှုမြင်ခံခဲ့ရသည့်အတွက် ကမ္ဘာတစ်ဝန်းမှ ဆန့်ကျင်မှုများနှင့် ကုလသမဂ္ဂ ရင်ဆိုင်နေရသည်။ ကုလသမဂ္ဂသည် အီရတ်ပြည်သူများအတွက် တာဝန်ထမ်းဆောင်နေသည့် လွတ်လပ်သည့်အဖွဲ့အစည်းအနေဖြင့် ရှုမြင်ရန် လိုလားသည်။***အမ်အင်အေ၊ ပီတီအိုင်။***

အီရတ်ရှိကုလသမဂ္ဂရုံးဝန်ထမ်းများ ပြောင်းရွှေ့ရန် အစီအစဉ်မရှိသေး

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်ရှိ ကုလသမဂ္ဂဌာနချုပ်၌ ထရပ်ကား ဗုံးပေါက်ကွဲမှုကြောင့် လူ ၂၃ ဦးထက်မနည်း ထိခိုက်သေဆုံးပြီးခဲ့သည့်နောက် အီရတ်မှ ရုံးဝန်ထမ်းအများစုကို ပြောင်းရွှေ့ရန် အစီအစဉ်မရှိသေးကြောင်းဖြင့် ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဝန်ထမ်းအချို့က ပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း ပြောကြားသည်။ သို့ရာတွင် ရက်အားနားရန်စီစဉ်ထားသူများအနေဖြင့် အီရတ်နိုင်ငံမှ မူလစီစဉ်ထားသည့်အတိုင်း ထွက်ခွာနိုင်သော်လည်း ဒဏ်ရာရှိထားသူများကို ရွှေ့ပြောင်းနေပြီဖြစ်ကြောင်း၊ အခြား မည်သည့်ဆုံးဖြတ်ချက်မျှ မချမှတ်သေးကြောင်း ဖော်ပြပါပြောရေးဆိုခွင့်ရှိသူဆလင်လုံးက ပြောကြားသည်။

မိမိတို့၏ ရုံးအဖွဲ့သားများအား ဂျော်ဒန်နိုင်ငံသို့ ပြောင်းရွှေ့နေခြင်းမှာ မဟုတ်မှန်ကြောင်း၊ ဂျော်ဒန်နိုင်ငံသို့ သွားနေသူများသည် ဆေးကုသရန် ပြောင်းရွှေ့ပေးရခြင်း ဖြစ်ကြောင်း ဆလင်လုံးက ကုလသမဂ္ဂရုံးချုပ်အပြင်ဘက်ရှိ ရိုက်တာသတင်းဌာနမှ သတင်းထောက်များအား ပြောကြားသည်။

ကုလသမဂ္ဂရုံး ခြောက်လ အလုပ်ကျ အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခွင့်သွားမည့်သူများမှာ ယခုသွားနိုင်ပြီဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် လူဦးရေ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိသည်။ လူ ၃၀၀ ခန့်သည် ကင်နယ်ဟိုတယ် အတွင်းကုလသမဂ္ဂရုံးအဖြစ် ဖွင့်လှစ်ထားရာတွင် လုပ်ငန်းတာဝန်ထမ်းဆောင်လျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ရွှေ့ပြောင်း

ဘဂ္ဂဒက်မြို့ ကုလသမဂ္ဂရုံး ဗုံးပေါက်ကွဲပြီးနောက် အီရတ်ရှိ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု ညှိနှိုင်းရေးရုံးမှ ဝန်ထမ်းများ ဘဂ္ဂဒက်ရှိ ဟိုတယ်တစ်ခုသို့ ရွှေ့ပြောင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ၏ အခွင့်အာဏာ ပိုမိုခိုင်မာတောင့်တင်းမှု ရှိရေးဗြိတိန်ကြံဆမည်

လန်ဒန် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်ကို ထရပ်ကားဗုံးဖြင့် ဖောက်ခွဲခံခဲ့ရပြီးသည့်နောက် ဗြိတိန်နိုင်ငံက အီရတ်နိုင်ငံနှင့်ပတ်သက်သည့်ကုလသမဂ္ဂ၏ ပိုမိုခိုင်မာတောင့်တင်းသည့် အခွင့်အာဏာတစ်ရပ်ရရှိစေရန် နည်းလမ်းရှာကြံမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဆက်ဒမ်ဟူစိန်အစိုးရ ပြိုလဲပြီးကျန်ရှိနေခဲ့သည့်လုံခြုံရေးဟာကွက်ကို ဗြိတိန်နှင့်အမေရိကန်ပြည်ထောင်စုက လက်ဦးမှ ရယူဖြည့်ဆည်းရန် ပျက်ကွက်ခဲ့ကြောင်း ဂျက်စထရောက ပြောကြားသည်။

လူ ၂၀ ထက်မနည်းသေဆုံးရမှုတွင် ဆာဂျီယိုဒီမဲလိုးပါဝင်နေမှုက ကမ္ဘာ့ပြည်သူတစ်ရပ်လုံးအား နိုးကြားလာစေရန် စေ့ဆော်လိုက်ခြင်းပင် ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးအကြီးအကဲဟောင်း မေရီရော်ဘင်ဆန်အားကိုးကား၍ ဂျက်စထရောက ဘီဘီစီရုပ်မြင်သံကြားဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

မိမိတို့တွင် ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ မည်သို့သောရပ်တည်ချက်များ ရှိနေစေကာမူ မိမိတို့အားလုံး ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ နယူးယောက်တွင် မိမိဆွေးနွေးမည့်အချက်တစ်ချက်မှာ မိမိတို့က ကုလသမဂ္ဂအခွင့်အာဏာကို ခိုင်မာအောင်ပြု၊ မပြုနှင့်ပတ်သက်သည့်ကိစ္စပင် ဖြစ်ကြောင်း ဂျက်စထရောက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံအပေါ် စစ်ရေးအားဖြင့် တိုက်ခိုက်မှုမှာ မိမိတို့ ကြိုတင်မျှော်မှန်းထားသည်ထက်မြန်ဆန်စွာ ပြီးမြောက်နေကြောင်း၊ မိမိတို့အနေဖြင့် ဆက်ဒမ်ဟူစိန်အစိုးရ မြန်မြန်ဆန်ဆန် ပြိုလဲပျက်စီးသွားမည်ဟု ကြိုတင်မျှော်မှန်းခြင်း မရှိခဲ့ကြောင်း ဂျက်စထရောက ထပ်လောင်းပြောကြားသည်။

စစ်ရေးအားဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်အောင်မြင်ခဲ့သော်ငြားလည်း အီရတ်နိုင်ငံ၏ စစ်ပွဲလွန်ခေတ်အခြေအနေနှင့်ပတ်သက်၍ မိမိတို့ မျှော်မှန်းထားသည်ထက်ကြီးမားသည့် ဟာကွက်ကြီးများရှိခဲ့ကြောင်း ဂျက်စထရောက ပြောကြားသည်။

ဖော်ပြပါ စစ်ပွဲလွန်ခေတ်အခြေအနေများနှင့် ပတ်သက်၍ ပြည့်စုံသည့် စီမံဆောင်ရွက်မှုများမရှိဟု ပြောနိုင်ဖွယ်ရှိမည်ဆိုပါက ၎င်းအချက်သည် မှန်ဖွယ်ရှိကြောင်း၊ ယင်းသို့ ပြောကြားခြင်းဖြင့် ယခုလက်ရှိ အခြေအနေသည် စစ်ရေးအရ တိုက်ခိုက်ခြင်းမပြုမီအချိန်ထက်ခက်ခဲသည်ဟုမဆိုလိုကြောင်း ဂျက်စထရောက ပြောကြားသွားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကုလသမဂ္ဂမစ်ရှင် ဆက်လက်ထားသင့် ဗုံးဖောက်ခွဲမှု အင်ဒိုနီးရှား ရှုတ်ချ

ဂျကာတာ ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးတွင် အင်္ဂါနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကုလသမဂ္ဂထိပ်တန်းသံတမန်တစ်ဦးနှင့် အခြားလူ ၁၉ ဦးတို့ သေဆုံးခဲ့သော်ငြားလည်း ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ ဆက်လက်ထားရှိနိုင်ရန် အင်ဒိုနီးရှားအစိုးရက ဗုဒ္ဓဟူးနေ့က နှိုးဆော်လိုက်သည်။

အဓိကအခန်းမှပါဝင်

ကုလသမဂ္ဂက အီရတ်နိုင်ငံတွင် ၎င်း၏မစ်ရှင်အဖွဲ့ ဆက်လက်ထားရှိရန် လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကုလသမဂ္ဂသည် အီရတ်စစ်ပွဲလွန်ခေတ် ပြန်လည်တည်ဆောက်ရေးတွင် အဓိကအခန်းမှ ပါဝင်နေသောကြောင့်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာတီနာတာလီဂါဝါအားကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

ပြင်းထန်စွာရှုတ်ချ

မိမိတို့က ယင်းလုပ်ရပ်ကို အကြမ်းဖက်မှုအဖြစ် ပြင်းထန်စွာရှုတ်ချကြောင်း၊ မိမိတို့၏ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့် အင်ဒိုနီးရှားကပုဂ္ဂိုလ်ရေးအရ သိထားသည့် ဆာဂျီယိုဒီမဲလို၏မိသားစုအပါအဝင် ဒုက္ခသည်များ၏ အိမ်ထောင်စုများအား ပေးပို့ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်ဗုံးကွဲမှု သေဆုံးသူ၂၃ ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရသည့် ကုလသမဂ္ဂအဆောက်အအုံ အပျက်အစီးများကြားတွင် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများကို ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ နောက်ထပ်သေဆုံးသူငါးဦးကို ထပ်မံ ရှာဖွေတွေ့ရှိရသည့်အတွက် ယခုအခါ သေဆုံးသူစုစုပေါင်း ၂၃ ဦး ရှိသွားပြီဖြစ်သည်။

ထပ်မံတွေ့ရှိရသည့် သေဆုံးသူများထဲတွင် အထူးသံတမန် ဆာဂျီယိုဒီမဲလိုး၏ ပြောရေးဆိုခွင့်ရှိသူလည်း ပါဝင်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူ ၁၀၀ နီးပါးကို ဆေးရုံပေါ်တွင် ကြိုးစားကုသပေးလျက် ရှိနေပြီး အချို့ကို အိမ်နီးချင်း ဂျော်ဒန်နိုင်ငံရှိ ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။ ***စီအင်န်အင်န်။***

လူသားကို ကူညီမည့် စက်ရုပ် တီထွင်

တိုကျို ဩဂုတ် ၂၁

ဂျပန်နိုင်ငံ ဆုကူမာတက္ကသိုလ်မှ လူသားများကို အကူအညီပေးနိုင်သည့် စက်ရုပ်တစ်မျိုးကို တီထွင်နိုင်ခဲ့ကြောင်းသိရသည်။ ယင်းစက်ရုပ်သည် အသက်ကြီးရွယ်အိုများနှင့် ထိခိုက်ဒဏ်ရာရသူများကို သူနာပြုသဖွယ် ထောက်မအကူအညီပေးနိုင်ပြီး ၎င်းကို အသုံးပြုသူ၏ လက်ကောက်ဝတ်၊ ခြေထောက် စသည်တို့တွင် တပ်ဆင်ပေးခြင်းဖြင့် ပုံမှန်အတိုင်းသွားလာနိုင်ကာ အသုံးပြုသူဘက်ကို ရွှေ့လျားသွားလာမည်ကို လျှပ်စစ်လှိုင်းများဖြင့် ကြိုတင်ခန့်မှန်းနိုင်ကြောင်းသိရသည်။ ယင်းစက်ရုပ်မျိုး ၁၀၀ ခန့်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်ရောင်းချနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ***အင်န်အိပ်ချ်ကေ။***

သတိသမ္ပဇဉ် အရှက်ယှဉ် ဝတ်ဆင်ကြပါကုန်

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

ရဟန်းတို့ ... ဤသာသနာတော်၌ ရဟန်းသည် ဥဏ်ဖြင့်ဆင်ခြင်လျက်သာ သင်္ကန်းကို မှီဝဲ(ဝတ်ရုံ)၏။ ... အရှက်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းရုံမျှသာ သင်္ကန်းကို မှီဝဲ(ဝတ်ရုံ)၏။

မြတ်ဗုဒ္ဓ

သဗ္ဗာသဝသုတ်၊ မူလပဏ္ဏာသပါဠိတော်

(ခ)

ရှေးဘိုးစဉ်ဘောင်ဆက် အစဉ်အလာကတည်းက မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုတွင် လုံလုံ ခြုံခြုံဝတ်စားဆင်ယင်လာခဲ့ကြောင်း၊ ယခုအခါ တိုင်းတစ်ပါး ယဉ်ကျေးမှုကို အထင်ကြီးပြီး မလုံမခြုံ ဝတ်ဆင်မှုများ တွေ့မြင်နေရကြောင်း၊ မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြရန်လိုကြောင်း။

ဒေါက်တာဒေါ်ခင်ဝင်းရွှေ

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့်

လုပ်ငန်းကော်မတီဝင်၊ ပဲခူးတိုင်းအနောက်ခြမ်းခရီးစဉ်၊ ၂၀-၆-၂၀၀၃။

(ဂ)

ကမ္ဘာဦးလူသားတို့သည် တိရစ္ဆာန်များကဲ့သို့ပင် အဝတ်ကို ဝတ်ရကောင်းမှန်း မသိခဲ့ကြသေးသလို အဝတ်အထည်ဖြစ်ပေါ်လာအောင် တီထွင်နိုင်စွမ်းလည်း မရှိခဲ့ကြသေးချေ။

သို့သော် သူတို့သည် မွေးရာပါဆံပင်ကို မဖြတ်ဘဲ အရှည်ကြီးထားခဲ့ကြခြင်းဖြင့် ခန္ဓာကိုယ်အား အရှက်လုံအောင် ဖုံးကြလိမ့်မည်ဟု တွေးဆနိုင်သကဲ့သို့ နောင်ကာလ ကြာမြင့်လာသောအခါ အင်ရွက်၊ ကျွန်းရွက် ကဲ့သို့သော အရွက်ကြီးများကို နွယ်ကြိုးများဖြင့် သီ၍ဖြစ်စေ၊ မြက်ပင်ရှည်ကြီးများကို နွယ်ကြိုးများဖြင့် သီ၍ဖြစ်စေ အရှက်ကို ဖုံးလွှမ်းခဲ့ကြလိမ့်မည်ဟုလည်း တွေးဆနိုင်ပါသည်။ သမိုင်းပညာရှင်အချို့ကမူ ခန္ဓာကိုယ်၌ ဆေးရေးခြယ်ခြင်း၊ မင်ကြောင်ထိုးခြင်း စသည်တို့ဖြင့် အရှက်ကို ကာကွယ်သည့်သဖွယ် ပြုမူခဲ့ကြကြောင်း တွေးဆကြပါသည်။

ထိုမှ တရွေ့ရွေ့ပြောင်းလဲလာကာ တိရစ္ဆာန်အရေခွံကိုခွာ၍ နေဖြင့်သွေ့ခြောက်စေလျက် ခါး၌ဝတ်ဆင်ခြင်း၊ သစ်ခေါက်လျှော်မျှင်များကို ခါး၌ပတ်၍ ဝတ်ဆင်ခြင်းတို့ဖြင့် အရှက်ကို ဖုံးလွှမ်းခဲ့ကြသည်မှ တိရစ္ဆာန်တို့ထက် သာလွန်သော အဝတ်ယဉ်ကျေးမှုခရီး စခဲ့ကြလေသည်။

မြန်မာ့သမိုင်း၌ တကောင်းခေတ်ကတည်းက **ကြိုးသေး** ခေါ် စစ်ဝတ်သံချပ် အင်္ကျီတစ်မျိုး တီထွင်နိုင်ကြောင်း မှတ်တမ်းများ ရှိခဲ့သည်ကိုထောက်လျှင် မြန်မာတို့သည် အဝတ်ယဉ်ကျေးမှု၌ အဆင့်မြင့်ခဲ့ကြောင်း ထင်ရှား၏။ ပုဂံခေတ်တွင်မူ တုရင်၊ ဖျင်၊ ဝတ်လုံ(ယခုအခေါ်အင်္ကျီ)ဟူသော အခေါ်အဝေါ်များ ပေါ်ပေါက်နေပြီဖြစ်သကဲ့သို့ အမျိုးသားများအတွက် ခဆီး၊ ခါးဆီး၊ ပုဆိုးဟူသော ဝေါဟာရများ၊ အမျိုးသမီးများအတွက် ထမီဟူသောဝေါဟာရများ ပေါ်ပေါက်နေပြီဖြစ်ခြင်းကြောင့် မြန်မာ့အဝတ်ယဉ်ကျေးမှုသည် အဆင့်မြင့်မားစွာ ဖြစ်တည်နေပြီဖြစ်၏။ (ရွှေကွန်ချာဘုရားကျောက်စာ၌ **တုရင်ထမီပြော်** ဟု ရေးထိုးထား၏)

ထိုမှ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်အထိ ခေတ်အဆက်ဆက်၌ မြန်မာတို့သည် ပြည်တွင်းဖြစ်၊ ပြည်ပဖြစ်အဝတ်အထည်တို့ကို အပူအအေးမျှတရန်နှင့် အရှက်လုံရန် သင့်လျော်လျောက်ပတ်သလို ဝတ်ဆင်လာခဲ့ကြ၏။

မြန်မာအမျိုးသမီးများအနေဖြင့် ထဘီမှာ အထက်ဆင် အရှည်တပ်၍ ရင်သားလုံအောင် ရင်ရှားဝတ်ပြီးနောက် အင်္ကျီမှာလက်ရှည် သို့မဟုတ် လက်တိုရင်လုံကျောလုံ ခါးကျယ်ထိုင်မသိမ်း အင်္ကျီမျိုးဝတ်ဆင်မှုနှင့် ရင်စည်းပဝါဖြင့် ရင်သားလုံအောင်စည်းကာ ပခုံးကိုပဝါပတ်ဝတ်ဆင်မှု စသည် စသည် ခါးတင်ထိုးဝတ်နည်း၊ ခါးချပ်ဝတ်နည်းများအတိုင်း အရှက်လုံစွာ ဝတ်ဆင်ခဲ့ကြလေသည်။

ဤ၌ မြန်မာ့ဝတ်ဆင်မှုသမိုင်းအရ အထူးသတိပြုသင့်သော အချက်တစ်ရပ်မှာ ပုဂံခေတ်နရသူ(ကုလားကျ)မင်းလက်ထက်တွင် သာသနာတော် ဆုတ်ယုတ်စေရန်၊ သာသနာ့ဝန်ထမ်းရဟန်းများ လူထွက်စေရန် တမင်ရည်ရွယ်လျက် နန်းတွင်းသူများကို ရှေ့ကွဲထဘီဝတ်စေပြီး ရဟန်းများရှေ့မှောက်၌ ဒူးပေါ်၊ ပေါင်ပေါ်မလျော်သော အပြုအမူများဖြင့် နှိုးဆွစေခဲ့ဖူးသည်ကို အထောက်အထားပြုကာ ထိုအချိန်မှစ၍ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ ရှေ့ကွဲထဘီဝတ်သည်ဟူသော မှတ်ချက်မျိုး မပြုမိရန်ဖြစ်ပါ၏။ အမှန်တော့ မြတ်ဗုဒ္ဓ၏ လောကစောင့်တရားဖြစ်သော ဟီရိနှင့်ဩတ္တပ္ပတို့ ပြည်သူ့နှလုံးသား၌ မတ်စိုက် စူးနစ်နေပြီးဖြစ်သော ကာလတစ်လျှောက်လုံး အရှက်မဲ့ နှိုးဆွညို့ငင်အဝတ်အဆင်မျိုးကို အဘယ်အမျိုးသမီးကောင်းကမှ မက်မက်မောမော မဝတ်ဆင်ခဲ့ကြောင်း အထူးသတိပြုဖို့ ဖြစ်ပါ၏။

သို့ဖြင့် မြန်မာ့သမိုင်းတစ်လျှောက် အရှက်လုံ အဝတ်အဆင်တို့သာ လွှမ်းမိုးခဲ့ရာမှ နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသည့် အချိုးအကွေ့၏ နောက်ကာလများ၌သော်မူ နှစ်တစ်ရာကျော်တိုင်တိုင် အုပ်ချုပ်သူ နယ်ချဲ့တို့က ချော့မြှောက်မှုနှင့် ခြိမ်းခြောက်မှုဟူသော လက်နှစ်ဖက်နှင့် စိတ်ကြိုက်မွှေနှောက်ခြင်း ခံလိုက်ကြရသည်တွင် မြန်မာအမျိုးသမီးတို့၏ ဟီရိဩတ္တပ္ပအစဉ်အလာ ပရမ်းပတာဖရိုဖရဲ ပြိုလဲကျေမွခဲ့ရလေတော့၏။

ရိုးရာအဝတ်အဆင်များအစား ခါး၌ဝတ်ဖို့ ကွင်းထဘီ ပေါ်လာ၏။ ကိုယ်အပေါ်ပိုင်းဝတ်ဖို့ အတွင်းခံနှင့် ရင်စေ့၊ ရင်ဖုံးအင်္ကျီပေါ်လာ၏။ ထိုအထိကား မြန်မာ့ရိုးရာ ဗုဒ္ဓဘာသာဟီရိအစဉ်အလာကို ပုံပန်းပျက်သွားအောင် မထိုးနှက်သေး၍ အများကလက်ခံခဲ့ကြကုန်သေး၏။ ထိုမှတစ်ဆင့် ခေတ်ကိုအကြောင်းပြကာ အမျိုးသမီးအချို့ ပါးလေ၊ ကျပ်လေ၊ တိုလေ ခေတ်မီလေဟုပင် ထင်မြင်လာကြလျက် အပါးဆုံး၊ အကျပ်ဆုံး၊ အတိုဆုံး အဝတ်အဆင်တို့ကို ခံမင်လာကြပုံမှာ နှမ၏အတိုသည် အစ်ကို၏ မျက်စိထဲ စပါးမွေးစူးသည်အထိ ဖြစ်လာလေ၏။ အတွင်းသားဖောက်မြင် အပါးများ၊ ကောက်ညှင်းထုပ်သွင်ဖြင့် အကျပ်များ၊ အဖောင်းအဖုများဖြင့် အမျိုးသမီးများ အဝတ်အဆင် ပုံပန်းပျက်ခဲ့လေရာ ဟီရိပတ်ဝန်းကျင်က ကြာရှည်လက်မခံနိုင်ခဲ့သောကြောင့်သာ ထိုအဝတ်အဆင်တို့ တဒင်္ဂတာမျှဖြင့် ချုပ်ငြိမ်းခဲ့ရဖူးကြောင်း သမိုင်းဖြစ်စဉ် အမှတ်ထင်ထင် တင်ကျန်နေခဲ့ရလေ၏။ (ဒုတိယကမ္ဘာစစ်ဝန်းကျင်ကာလ နိုင်လွန်လက်တိုပါး၊ ကျပ်၊ တိုခေတ်။)

ထိုမှ လွတ်လပ်ရေးရလာပြီး ဤမှာဘက်တွင် အမျိုးသားများဝတ်စုံ၊ အမျိုးသမီးများဝတ်စုံ လုံလုံခြုံခြုံ ထည်ထည်ဝင့်ဝင့် လန်းပွင့်လာခဲ့သော်လည်း နယ်ချဲ့အကြိုက်များဖြစ်သော ပွတ်သဘင်ပွဲအဝတ်၊ မယ်ရွေးပွဲအဝတ် စသည် ဟီရိဖြိုအဝတ်အဆင် စီးကြောင်းကိုမူ ထိုစဉ်အစိုးရမင်းတို့ တင်းတင်းထန်ထန် မဆီးတား၊ မပိတ်သိမ်းနိုင်ခဲ့ချေ။ ၁၉၆၀ ပြည့်လွန်နှစ်များ၏ သည်မှာဘက်ကာလများရောက်မှသာ ယင်းတို့ကို မြန်မာ့မြေမှ အပျောက်ရှင်းထုတ်နိုင်ခဲ့လေသည်။

သည်သို့သော အဝတ်အဆင်ဖြစ်စဉ်များ၌ မပြောမပြီး ပြောအပ်သေးသည့် ဖြစ်စဉ်တစ်ရပ်မှာ ရုပ်ရှင်မင်းသမီးတစ်ဦး၏ သလုံးသားဖော်ဖက်ရင်၊ ပေါင်တစ်လုံးဖော်ဖက်ရင်ဟူသော စတန့်ထွင် အဝတ်အဆင်တစ်မျိုး ကျယ်ကျယ်ပြန့်ပြန့် ပေါ်လာသောအခါ အမျိုးသမီးငယ်အချို့ အတုယူအားကျ တုပဝတ်ဆင်လာခဲ့ခြင်းဖြစ်၏။ သို့သော် မြန်မာ့ရိုးရာဗုဒ္ဓဘာသာ ဟီရိအစဉ်အလာက ကြာရှည်လက်မခံသောကြောင့် ကာလတိုအတွင်း ကင်းပျောက် သွားခဲ့ရပါသည်။

ထိုမှ ၁၉၉၀ ပြည့်နှစ်များတွင်မူ တပ်မတော်အစိုးရသည် **အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး** ဟူသည့် လူမှုရေးဦးတည်ချက်ကို သန္နိဋ္ဌာန်ဖြင့် ချမှတ်လျက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်တို့ကို နိုးကြားလှုပ်ရှားရှင်သန်လာအောင် ဦးဆောင်ကြိုးပမ်းရင်း ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ၊ ပန်းချီ၊ ပန်းပု စသည်စသည် ဘက်စုံထောင့်စုံ အလုံးစုံအရှိန်အဟုန်မြှင့်တင်ပေးခဲ့သဖြင့် ကမ္ဘာကပါ မြန်မာ့ယဉ်ကျေးမှုကို ခံမင်မြတ်နိုးသောအဆင့်သို့ ထိုက်ထိုက်တန်တန် ရောက်ရှိလာနေပြီဖြစ်သော ယနေ့ကာလဝယ် မြန်မာ့အမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားပေါင်းစုံတို့၏ အသီးသီးသော ရိုးရာဝတ်စုံတို့မှာ နိုင်ငံတော်အဆင့် ပွဲတော်ကြီးများ၊ ဆိုင်ရာဆိုင်ရာ ဒေသအဆင့်ပွဲတော်များ၌ တက်ကြွား ကြွကြွ လှပတင့်တယ် ဝင့်ထည်ဝင့်ဝဲနေပုံ ပန်းတစ်ရာပွင့် လန်းဖြာဝင့်မြင့်သော ယဉ်ကျေးမှုပြယုဂ် မဟုတ်လေလော။

ဤ၌ အထူးပြောပြလိုသော အချက်များရှိနေပါသည်။ မြန်မာ့ရိုးရာဝတ်စုံဟူသော ခေါင်းစဉ်ထဲ တစ်ပေါင်းတည်းပါဝင်နေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့၏ ရိုးရာဝတ်စုံများ ထူးခြားသော ဝိသေသ လက္ခဏာသုံးရပ် ဖြစ်ပါသည်။

၁။ **မြန်မာနိုင်ငံသားတို့၏ ရိုးရာဝတ်စုံများ၌ လုံချည်ရော ဘောင်းဘီပါ ပါဝင်နေသည့်ပြင် အင်္ကျီလက်ရှည်ရော လက်တိုပါ ပါဝင်နေခြင်းက အဝတ်အဆင်၏ ကျယ်ပြန့်သောသဘာဝကို ထင်ဟပ်ထားသော်လည်း မည်သည့်ရိုးရာဝတ်စုံမှာမဆို အရှက်ဖော်သရုပ်၊ ဟီရိဖြိုသဏ္ဌာန် လုံးဝမထင်ခြင်း။**

၂။ **ဗမာက ရှမ်းရိုးရာဘောင်းဘီကိုပဲဝတ်ဝတ်၊ ရှမ်းက ကချင်ရိုးရာလုံချည်ကိုပဲ ဝတ်ဝတ်၊ ကရင်မလေးက ရခိုင်မလေး ဝတ်စုံကိုပဲ ဝတ်ဝတ်၊ ကယားမလေးက ဗမာမလေးဝတ်စုံကိုပဲ ဝတ်ဝတ် ဘယ်တိုင်းရင်းသားက ဘယ်တိုင်းရင်းသားဝတ်စုံကို ဝတ်ဝတ် အမြဲတမ်း တင့်တယ်လိုက်ဖက်နေသည်ချည်းဖြစ်ခြင်း။**

၃။ **ဘယ်သူက ဘယ်သူ့ ဝတ်စုံကိုဝတ်လို့ မလိုက်ဖက်ဟု လုံးဝမရှိ၊ မထင်ခြင်း။**

ဤမျှအထိ အဝတ်အဆင် ယဉ်ကျေးမှု အဆင့်မြင့်မားသော ဤမြန်မာနိုင်ငံ၌ တစ်ကျော့တစ်ကျော့ဝယ် ယဉ်ကျေးမှုဖျက် နိုင်ငံခြားဖြစ် အဝတ်အဆင်များ ခေါင်းထောင်ထထလာတတ်သေးပေရာ ယခုအချိန်၌ အမျိုးသမီးငယ်အချို့ နိုင်ငံခြားဖြစ် အရှက်မဲ့ဝတ်ဆင်မှုများနောက် တကောက်ကောက်လိုက်နေပုံ မြင်တွေ့ နေရပြန်လေ၏။

ယဉ်ကျေးမှုဖျက် နိုင်ငံခြားဖြစ် ဗီဒီယိုအခွေနှင့် ဗွီစီဒီခွေတိပြားစသည့် နိုင်ငံခြားမီဒီယာလက်နက်များသည်လည်းကောင်း၊ အသက်နှင့်လူမလုပ် အရှက်နှင့် လူလုပ်သည်ဟူသော မြန်မာ့အမျိုးသမီးငယ်တို့၏ အစဉ်အလာ ခံယူချက် မှေးမှိန် မှုန်မှိုင်းလာနေခြင်းသည်လည်းကောင်း၊ သူ့ဘက်က ယဉ်ကျေးမှုဖျက်ပိုးမနားတမ်းထိုးနေ ထနေခြင်းသည်လည်းကောင်း၊ ကိုယ့်ဘက်က ဟီရိဓာတ်ခံစွမ်းအား ပါးနေ ကျနေခြင်းသည်လည်းကောင်း၊ ...သည်လည်းကောင်း၊ ...သည်လည်းကောင်း။

အမျိုးသမီးငယ်တို့ သဘာဝအလှအပကို တွယ်တာပွေ့ပိုက်ထားသည်မှာ အပြစ်မဟုတ်ပါ။ ကျယ်ပြန့်သော ရိုးရာဓလေ့ မြန်မာ့ယဉ်ကျေးမှုဘောင်အတွင်းမှာပင် ကြွကြွရွရွ အလှအပတွေ အဆင်စုံ၊ အသွင်စုံ၊ အမျိုးစုံရှိနေသဖြင့်လိုသလို အလှအပ ဆင်သနိုင်ကြပါသည်။ အရှက်လုံအဆင်အသတို့ဖြင့် မြန်မာ့အမျိုးသမီး ဂုဏ်ရည် လဲ့ကြည်မြဲ လဲ့ကြည်နေအောင်နှင့် အရှက်ဖော် အဝတ်အဆင်တို့ဖြင့် မြန်မာ့အမျိုးသမီးဂုဏ်ရောင် မှိုင်းမှောင် မှုန်မှေးမသွားရအောင်သာ ပြောဆိုနေကြရခြင်း ဖြစ်ပါသည်။

သည်တွင် အမျိုးသမီးငယ်အချို့၏ ဟီရိဓာတ်ခံစွမ်းအား ကျဆင်းလာနေခြင်းကို တင်းတင်းပြည့်ပြည့် တင်းပြည့်ကျပ်ပြည့် ပြန်လည်ဖြည့်သွင်းပေးနေသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ပေါ်ထွန်းလာခြင်းကား အမျိုးသမီးထုအတွက် လမ်းပြကြယ် ဖြစ်လေတော့၏။

ကြည့်ပါ။

“(မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည်) မြန်မာအမျိုးသမီးငယ်များအကြား ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းစဉ်လာများ မြတ်နိုးထိန်းသိမ်းမှု၊ ကိုယ်ကျင့်သိက္ခာ စောင့်စည်းမှု၊ ဟီရိဩတ္တပ္ပတရား၏ ထိန်းကွပ်ပဲ့ပြင်မှုနှင့်အညီ ဝတ်စားဆင်ယင် ပြောဆိုနေထိုင်မှု စသည့် မြန်မာ့အမျိုးသမီးစစ်စစ်တို့၏ ဂုဏ်ရည်များ ပြန့်ပွားထွန်းကားလာအောင် စနစ်တကျစီမံဆောင်ရွက် ပေးနိုင်လျက်ရှိသည်ကို တွေ့ရကြောင်း” အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က ၃-၇-၂၀၀၃ ရက်စွဲ မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဂုဏ်ပြုညွှန်ပြသွားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတည်းဟူသော လမ်းပြကြယ်၏ အလင်းတန်းတစ်ကွက် ဖြစ်ပါသည်။

ဗဟိုမှ အမျိုးသမီးရေးရာ တာဝန်ရှိသူများကိုယ်တိုင် တိုင်းနှင့်ပြည်နယ်အနှံ့ ကျေးရွာများအထိ ကွင်းဆင်းစည်းရုံး ပညာပေးဖေးမ ကူညီနေမှုများကြောင့် အမျိုးသမီးငယ်အများထုမှာ လမ်းပြကြယ်အလင်းအောက် တောက်ပသည့် လူမှုခရီးဝယ် အရှက်လုံအဝတ်အဆင်မှအစ ဘဝ၏အမြင့်လမ်း လှမ်းနေကြပါပြီ။ အဝတ်အဆင်ဖြင့် စိတ်ဓာတ်၏ပုံသွင်ကို ဖော်ထုတ်ပြီး သိက္ခာပိုင်းကိုပါ အကဲဖြတ်လေ့ရှိသော မြန်မာ့ဓလေ့အရ ပတ်ဝန်းကျင်အလယ် တန်းဖိုးကြွယ် သိက္ခာမြင့်အောင် ဝတ်သင့်တာဝတ်တတ်ဖို့ လိုအပ်ပါလေ၏။

(ဃ)

မြန်မာအမျိုးသမီးငယ်တိုင်း မိမိသည် မြန်မာအမျိုးသမီးစစ်စစ် ဖြစ်ပါသည်ဟူသော သတိထားမှုရှိရုံမျှဖြင့် လုံလောက်ပါပြီ။

သမ္ပဇဉ်လေးပါးအနက် သင့်လျော်သလား၊ မလျော်သလား စဉ်းစားဆင်ခြင်တတ်သော သပ္ပာယသမ္ပဇဉ် တစ်ပါးရှိထားရုံမျှဖြင့် လုံလောက်နေပါပြီ။

ဖုံးထားအပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖွင့်ဖော်လျက် အရှက်မဲ့စွာ ကတတ်သော ဒေါင်းမပမာ မဖြစ်စေမူဘဲ မိမိကိုယ်မိမိ တန်ဖိုးထားတတ်သည့် အရှက်တရား ယှဉ်ရုံမျှဖြင့် လုံလောက်နေပါပြီ။

ထို့ကြောင့် မြန်မာမလေးတွေ မြန်မာလိုလှဖို့ မြန်မာပီသသူ မြန်မာတိုင်းက ဤသို့ ဆော်ဩနေကြပါကုန်၏။

သတိသမ္ပဇဉ် အရှက်ယှဉ် ဝတ်ဆင်ကြပါကုန်။ ။

ကွန်ပျူတာရုပ်/ သံ ကျွမ်းကျင်သင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

ကွန်ပျူတာရုပ်/သံလောကတွင် အရှိန်အဟုန်ဖြင့်အဆင့်မြင့်နည်းပညာများ ဖြန့်ဖြူးသင်ကြားပေးလျက်ရှိသော Hepta Digital Art မှ ကွန်ပျူတာရုပ်/သံ ဖန်တီးမှု ကျွမ်းကျင်သင်တန်း အပတ်စဉ်(၂၂)ကို စက်တင်ဘာ ၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံပညာအထက်တန်းအောင်မြင်ကာ ကွန်ပျူတာအခြေခံရှိသူတိုင်း တက်ရောက်နိုင်သည်။

သင်တန်းသားဦးရေ(၁၈)ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်ထောက်ကူပစ္စည်းမျိုးစုံ၊သင်တန်းသားတစ်ဦးလျှင် Pentinum4 ကွန်ပျူတာတစ်လုံးစီနှင့် စာတွေ့ လက်တွေ့သင်ကြားချိန် သုံးလကြာမြင့်မည်ဖြစ်သည်။ အနုပညာဗီဇအပေါ် အခြေခံကာ ကွန်ပျူတာနည်းပညာဖြင့် စနစ်တကျ ပညာဆည်းပူးလိုသူများသည် Hepta Digital Art ရုံးခန်းအမှတ်(၁၆၇/၁၇၃) သုံးလွှာ ဆိပ်ကမ်းသာရိပ်မွန် ဆိပ်ကမ်းသာအလယ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်၊ ဖုန်း-၀၁-၃၇၉၃၈၀၊ ၀၉၅၁၀-၂၀၈၈၀သို့ ကြိုတင် စာရင်းပေးအပ်နှံနိုင်ကြောင်း သိရသည်။(က-ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးဃောသိတ တရားတော် တေဝိဇ္ဇသုတ်**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။ မြန်မာသံစဉ် ချိုနှာဝင်
၄:၅၀	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ပထမနှစ် (ဘောဂဗေဒ) (ခ) ပထမနှစ် (အင်္ဂလိပ်စာ)
၅:၃၀	၁၀။ **English Premier League ဘောလုံးပွဲ** Newcastle Vs Manchauater United
၈:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၄။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ မှတ်တမ်း၊ (အပိုင်း-၁၈) မဟာဂန္ဓာရုံမှာ ဆရာ၊ ဒကာညီညွတ်စွာ**
	၁၅။ **ရသစုံလင်ရုပ်မြင်သံကြားဇာတ်လမ်းသုငယ်ချင်းသုံးဖော် (အပိုင်း-၁၁)**
	၁၆။ သင့်အတွက်မနက်ဖြန်
	၁၇။ အပိတ်နှုတ်ဆက်စကား
	၁၈။ ပြီးပါပြီ။

မြန်မာနိုင်ငံအပေါ် အမေရိကန်ရဲ့ တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုဟာ ဘယ်လိုသက်ရောက်မလဲ (၂)

အောင်မိုးစံ

စက်မှုအရင်းရှင်နိုင်ငံကြီးများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြေရှင်တစ်ပိုင်း၊ အရင်းရှင်တစ်ပိုင်း (ဖားတစ်ပိုင်း–ငါးတစ်ပိုင်း) ဖွဲ့စည်းထားတယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒက ဆိုပါတယ်။ မြေကို အတိုင်းအဆမရှိ ပုဂ္ဂလိကပိုင်ခွင့်ပြုတဲ့ မြေရှင်စနစ်ကြောင့် မြေရှင်များ မြေပေါ်တွင် လွတ်လပ်စွာခြယ်လှယ်ခွင့်ရှိတယ်။ တစ်ဖက်တွင် အရင်းရှင်စနစ်ကို ပြဋ္ဌာန်းထားတဲ့အတွက် လွတ်လပ်တဲ့ ပုဂ္ဂလိက ဈေးကွက်စီးပွားရေးစနစ်နဲ့ အရင်းရှင်ဒီမိုကရေစီ ထွန်းကားလာတယ်။ အဲဒီလို မြေရှင်တစ်ပိုင်း–အရင်းရှင်တစ်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် အရင်းရှင်စနစ် အသာစီးရတဲ့ ကာလတစ်လျှောက်တွင် စီးပွားရေးခေတ်မီဖွံ့ဖြိုးတိုးတက် လျင်မြန်လာခဲ့ပြီး မြေရှင်စနစ်ကြီးစိုးသော ကာလများတွင် စီးပွားရေး ဆုတ်ယုတ်ကျဆင်းတဲ့ အကျပ်အတည်းတွေ ကြုံတွေ့လာရပါတယ်။

အင်္ဂလန်မှာ အရင်းရှင်စနစ် စပေါ်ခဲ့တဲ့ ၁၅ ရာစုနှစ်အကုန်ကစပြီး ၁၉၇၃–၇၄ ခုနှစ်အထိ အရင်းရှင်စနစ်ရဲ့တက်ခေတ်လို့ ဆိုရပါတယ်။ ၁၉၇၃–၇၄ ခုနှစ်နောက်ပိုင်း အရင်းရှင်စနစ်ရဲ့ ဆုတ်ခေတ်၊ မြေရှင်စနစ် တစ်စတစ်စကြီးစိုးလာတဲ့ခေတ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဒီကနေ့ကမ္ဘာ့စက်မှု အရင်းရှင်နိုင်ငံတွေမှာ ကုန်ဈေးနှုန်းတွေ တရိပ်ရိပ်တက်နေတယ်။ ထုတ်လုပ်ရေးတွေ ဆုတ်ဆိုင်းနေတယ် (ဥပမာအားဖြင့် လူဦးရေတိုးနှုန်းဟာ ၃ ရာခိုင်နှုန်းဖြစ်နေပြီး ထုတ်လုပ်ရေးက လွန်ခဲ့တဲ့နှစ်အတိုင်းဆိုရင် ထုတ်လုပ်ရေးဟာ အနုတ်လက္ခဏာ ၃ ရာခိုင်နှုန်းဖြစ်နေတယ်လို့ ဆိုရပါမယ်)။ မြုပ်နှံစရာ အရင်းတွေပျောက်ကုန်နေတယ်။ အလုပ်လက်မဲ့နှုန်းတွေ ဖြစ်ပေါ်နေတယ်။ ငွေတိုးနှုန်းတွေလည်း တက်နေတယ်။ အခုလိုဖြစ်လာရတဲ့ အကြောင်းရင်းဇာစ်မြစ်ကို ဆန်းစစ်အဖြေရှာမယ်ဆိုရင် ကမ္ဘာမှာ လူဦးရေဟာ အကန့်အသတ်မရှိ တိုးပွားလာတဲ့အတွက် နေစရာနဲ့ လုပ်ကိုင်စားသောက်စရာတွေလည်း အကန့်အသတ်မရှိ လိုလာတယ်။ ဒါပေမယ့် ကမ္ဘာမြေကြီးက ပုံသေဖြစ်နေတဲ့အတွက် မြေဈေးတွေ တက်ပြီးရင်းတက်လာပြီး ပုဂ္ဂလိက မြေပိုင်ရှင်တွေ ရတနာပုံဆိုက်လာကြတယ်။ မြေပေါ်မှာ အရင်းစိုက်ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေ(အရင်းရှင်တွေ) အကျပ်အတည်းပေါင်းစုံ ကြုံတွေ့ဆုတ်ယုတ်လာတယ်။ ကုမ္ပဏီအချို့ နှစ်စဉ်လို ဒေဝါလီခံလာရပါတယ်။ အဲဒီနိုင်ငံများက လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရတွေလည်း မြေရှင်ကိုယ်စားလှယ် အစိုးရတွေ ဖြစ်လာတယ်။

အရင်းရှင်စနစ်ရဲ့ထုတ်လုပ်ပုံ သမိုင်းပေးတာဝန်ဟာ လူ့လုပ်အားရဲ့ ထုတ်လုပ်မှုကို ပုံပြသချ်ာနှုန်းအတိုင်း အချုပ်အချယ်မဲ့ တိုးတက်ဖြစ်ပေါ်စေရေးဖြစ်တယ်။ အရင်းရှင်လူတန်းစားဟာ ကုန်ထုတ်ကိရိယာတွေကို ဒီကတစ်ဆင့် ကုန်ထုတ်ဆက်ဆံရေးတွေကို တစ်ပါတည်းတွင် လူ့အဖွဲ့အစည်းရဲ့ ဆက်ဆံရေးတစ်ခုလုံးကို အမြဲတမ်းတော်လှန်ပြောင်းလဲခြင်းမပါဘဲ မတည်တံ့နိုင်၊ ခေရှင်လူတန်းစားရဲ့ ထွက်ကုန်တွေအတွက် အမြဲတမ်းကျယ်ပြန့်နေတဲ့ ဈေးကွက်တစ်ခု လိုအပ်ခြင်းဟာ ခေရှင်လူတန်းစားအနေနဲ့ ကမ္ဘာလုံးကြီးရဲ့ မျက်နှာပြင်တစ်ခုလုံးကို မောင်းနှင်လွှတ်နေတော့တယ်။ ခေရှင်လူတန်းစားဟာ ကမ္ဘာ့ဈေးကွက်ကြီးအပေါ် ခြယ်လှယ်နိုင်မှုကို အကြောင်းပြုပြီး နိုင်ငံတကာ ထုတ်လုပ်ရေးနဲ့ စားသုံးရေးကို လူမျိုးစုံလက္ခဏာ ဆောင်လာစေတယ်။ ခေရှင်လူတန်းစားဟာ ကုန်ထုတ်လုပ်ရေး လက်နက်ကိရိယာအားလုံးကို လျင်မြန်စွာ တိုးတက်ကောင်းမွန်စေခြင်းရယ်၊ ကူးသန်းရောင်းဝယ်ရေးများကို လွယ်ကူချောမွေ့လာစေခြင်းရယ်၊ ခေတ်နောက်ကျ လူမျိုးများအပါအဝင် လူမျိုးအသီးသီးကို လူယဉ်ကျေးရေးခေတ်သို့ ဆွဲသွင်းလာစေတယ် လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

ဒါကြောင့် အရင်းရှင်စနစ်ရဲ့ လက္ခဏာမှန်တွေဟာ မြုပ်နှံစရာ အရင်းတွေ ပေါများရမယ်၊ လုပ်အားခတွေ တိုးနေရမယ်၊ ကုန်ဈေးနှုန်းတွေ ကျဆင်းနေရမယ်၊ အလုပ်လက်မဲ့မရှိသလောက် ရှားနေရမယ်၊ အခုလို ကောင်းမြတ်တဲ့ အရင်းရှင် ကြန်အင်လက္ခဏာတွေဟာ အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေမှာ ပျောက်ကွယ်လွင့်ပါးကုန်ပြီ ဖြစ်ပါတယ်။ စက်မှုအရင်းရှင်လူတန်းစားတွေ လွတ်လပ်စွာ ရှင်သန်ရပ်တည်ခွင့်တွေကို အမေရိကန်နဲ့ အပေါင်းပါ အနောက်နိုင်ငံများက မြေရှင်ကိုယ်စားလှယ်အစိုးရတွေက ချုပ်ချယ်ဖျက်ဆီးနေလို့ ဖြစ်ပါတယ်။ လွတ်လပ်စွာ နိုင်ငံတကာ ဈေးကွက်ရှာဖွေရေး၊ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံထုတ်လုပ်ရေး၊ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးတွေကို ပိတ်ပင်ချုပ်နှောင် ဖိနှိပ်ခံနေရလို့ဖြစ်ပါတယ်။ အမေရိကန်အစိုးရဟာ အခြားနိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးမူဝါဒများကို အလိုမကျရင် အိုင်အမ်အက်ဖ်နဲ့ ဒဗလျူတီအိုတို့ကို အသုံးချပြီး ဖြိုခွဲဖျက်ဆီးတယ်။

အဲဒီလို ဖြိုခွဲဖျက်ဆီးရာမှာ ထိရောက်မှုမရှိရင် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ အရေးယူတယ်။ အာဏာရှင်နိုင်ငံများလို့ သူတို့သတ်မှတ်ထားတဲ့ အီရန်၊ ချီလီ၊ ဂွာတီမာလာ စတဲ့ နိုင်ငံတွေပင်ဖြစ်ပါစေ သူတို့အလိုကျရင် အဲဒီနိုင်ငံများက ခေါင်းဆောင်တွေကို မဟာမိတ်အဖြစ်သတ်မှတ်တယ်။ အမေရိကန်ဟာ နိုင်ငံပေါင်းများစွာအပေါ် အကြိမ်ပေါင်း ၁၂၀ အထိ စီးပွားရေးပိတ်ဆို့ အရေးယူခဲ့တယ်။ ၁၉၉၈ ခုနှစ် တစ်နှစ်တည်းမှာပင် ကမ္ဘာ့လူဦးရေရဲ့ ၅၂ ရာခိုင်နှုန်းနေထိုင်သော နိုင်ငံပေါင်း ၇၅ နိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့တယ်။ အမေရိကန်အနေနဲ့ ၁၉၉၀ ပြည့်လွန်နှစ်များနဲ့ အစောပိုင်းကာလများတွင် စီးပွားရေးပိတ်ဆို့မှုများကို မကြာခဏ ပြုလုပ်ကျင့်သုံးခဲ့တယ်။ သုတေသီများက ဒီကာလကို စီးပွားရေးပိတ်ဆို့မှုများရဲ့ ဆယ်စုနှစ် (Sanctions Decade) လို့ပင် အမည်ပေးခဲ့ပါတယ်။ အဲဒီတုန်းက စီးပွားရေးပိတ်ဆို့မှု မူဝါဒများဟာ ထိရောက်မှု ရှိ၊ မရှိဆိုတဲ့ ဆွေးနွေးမှုများလည်း ပေါ်ပေါက်ခဲ့တယ်။ လေ့လာချက်အများစုက စီးပွားရေးပိတ်ဆို့မှုများဟာ အမေရိကန်နိုင်ငံခြားရေးဝါဒ ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ခြင်းမရှိဘူးလို့ သုံးသပ်ခဲ့ကြပါတယ်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများကလည်း စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားဖို့ လှုံ့ဆော်စည်းရုံးကြတယ်။ စီးပွားရေးပိတ်ဆို့မှုများ မပြုလုပ်မီ စီးပွားရေးအရ မည်မျှထိခိုက်နစ်နာမည်ကိုပါ ကြိုတင်တွက်ဆဖို့ ပြောဆိုလာကြတယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးပိတ်ဆို့မှု အရှိန်အဟုန် လျော့ကျလာခဲ့တယ်။ ဒါကြောင့် စီးပွားရေးပိတ်ဆို့မှုများရဲ့ နှစ်နိုင်ငံကုန်သွယ်ရေးအပေါ် အကျိုးသက်ရောက်မှုများကို ၁၉၉၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၉ ခုနှစ်တွင် တစ်ကြိမ် တွက်ဆခဲ့ကြတယ်။

ယေဘုယျအားဖြင့် စီးပွားရေးပိတ်ဆို့မှုများကို အနည်းငယ်သာပြုလုပ်ခြင်း (Limited)၊ အတန်အသင့်ပြုလုပ်ခြင်း (Moderate)နဲ့ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်း (Extensive) ဆိုပြီး သုံးမျိုးခွဲခြားတာ တွေ့ရပါတယ်။ ၁၉၉၅ ခုနှစ်က ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုများဟာ စုစုပေါင်း နှစ်နိုင်ငံကုန်သွယ်ရေးများကို ၉၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားစေခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ ပို့ကုန်များကို ၉၈ ရာခိုင်နှုန်းအထိ ကျဆင်းစေခဲ့ပါတယ်။ ၁၉၉၉ခုနှစ်မှာတော့ စီးပွားရေးပိတ်ဆို့မှုဒဏ်ရဲ့ အနည်းငယ်သာ ခံခဲ့ရတယ်လို့ဆိုပါတယ်။ စုစုပေါင်း နှစ်နိုင်ငံ ကုန်သွယ်မှုကို ၉၅ ရာခိုင်နှုန်း ကျဆင်းစေပြီး အမေရိကန် ပို့ကုန်များကို ၉၄ ရာခိုင်နှုန်း ကျဆင်းစေခဲ့တယ်လို့ သိရပါတယ်။ မြောက်ကိုရီးယား၊ ကျူးဘား၊ အီရန်တို့ကို နှစ်ရှည်လများ ပိတ်ဆို့မှု အချို့ လျော့ချခဲ့လို့ ၁၉၉၉ ခုနှစ်တွင် ထိခိုက်မှုနည်းခြင်း ဖြစ်ပါတယ်။

၁၉၉၅ ခုနှစ် မြန်မာနိုင်ငံအပေါ် အတန်အသင့် စီးပွားရေးပိတ်ဆို့မှုကြောင့် ဒေါ်လာ ၇ ဒသမ ၂ သန်း၊ ၁၉၉၉ ခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၃ သန်း လျော့ကျခဲ့ရတယ်လို့ သိရပါတယ်။ အခုတစ်ဖန် မြန်မာနိုင်ငံအပေါ် ကျယ်ကျယ်ပြန့်ပြန့် စီးပွားရေး ပိတ်ဆို့လာပြန်တယ်။ အမေရိကန်နဲ့ မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးတွေ ဘယ်လောက် ထိခိုက်လာမယ်ဆိုတာ တွက်ဆနိုင်ပါတယ်။ စီးပွားရေးပိတ်ဆို့မှု အနည်းငယ်နဲ့ အတန်အသင့်သာ ပြုလုပ်မှုတို့ဟာ နှစ်နိုင်ငံကုန်သွယ်ရေးအပေါ် ထိခိုက်မှုနည်းခြင်း၊ ဒါမှမဟုတ် ထိခိုက်မှု လုံးဝမရှိတာလည်း ရှိပါတယ်။ တစ်ခါတစ်ရံ စီးပွားရေးပိတ်ဆို့နေတဲ့ကြားက ကုန်သွယ်မှုတိုးပွားတဲ့ ဖြစ်ရပ်များလည်း ရှိတတ်ပါတယ်။ အခုလို အမေရိကန်အစိုးရများက တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့မှုများကို မကြာခဏ လုပ်နေတဲ့အတွက် အမေရိကန်ကုမ္ပဏီများကို စိတ်မချရတဲ့ လုပ်ငန်းများအဖြစ် ရှုမြင်လာပြီး အဲဒီလိုကမ္ဘာမှာ စိတ်မချရတဲ့ လုပ်ငန်းများနဲ့ ကုန်သွယ်မှုများလည်း ကျဆင်းနိုင်ပါတယ်။ ယုံကြည်မှုများလည်း ကျဆင်းနိုင်ပါတယ်။ လက်တွေ့တွင် စီးပွားရေးပိတ်ဆို့များကို ဖယ်ရှားလိုက်တဲ့အခါ ဆက်လက်ပြီး ကုန်သွယ်ရေးကျနေတာကို မတွေ့ရတော့ဘဲ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းလိုက်တာနဲ့တစ်ပြိုင်နက် ကုန်သွယ်ရေး ရုတ်တရက် ထိုးတက်သွားတဲ့ သဘောသာ တွေ့ရပါတယ်။ ဟေတီ၊ နီကာရာဂွာ၊ ပနားမားနှင့် ဗီယက်နမ်တို့တွင် အဲဒီလို အခြေအနေမျိုးတွေ့ရပါတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ရောင်းကုန်ဝယ်ကိုသာမက ဝန်ဆောင်မှုများကိုပါ ထည့်တွက်ရင် နှစ်နိုင်ငံကုန်သွယ်ရေးကို ပိုပြီးထိခိုက်တာ တွေ့ရနိုင်ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် အမေရိကန်အစိုးရရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေးပိတ်ဆို့အရေးယူတဲ့ နိုင်ငံခြားရေးမူဝါဒဟာ ရည်မှန်းချက်ကို မပေါက်ရောက်တဲ့အပြင် ဦးတည်တဲ့ နိုင်ငံသာမက အမေရိကန် ပြည်ထောင်စုကိုပါ ထိခိုက်ရတယ်ဆိုတာ တွေ့ရှိရပါတယ်။

အနောက်ဥရောပ စက်မှုနိုင်ငံကြီးများဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် တစ်ချိန်က ပုဂ္ဂလိကကဏ္ဍများကို ဖိနှိပ်ချုပ်ချယ်တဲ့ စီးပွားရေး၊ နိုင်ငံရေးစနစ် (ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်)တွေ ကျင့်သုံးချိန်က ကူညီထောက်ပံ့မှုတွေ ပေးခဲ့ကြတယ်။ အဲဒီနိုင်ငံများက ဒီကနေ့လို ကိုယ်ပိုင်သဘောပေါက်ချက်နဲ့ လွတ်လပ်တဲ့ ပုဂ္ဂလိက ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲလာချိန်ကျတော့ အကူအညီတွေရပ်ပြီး ပိတ်ဆို့အရေးယူလာပြန်တယ်။ အဲဒီလို ရှေ့နောက်မညီ သဘာဝမကျဖြစ်လာရတာဟာ အနောက်စက်မှုနိုင်ငံကြီးများရဲ့ မြေယာနဲ့ စက်မှုကုန်ထုတ် ကုန်သွယ်ရေးတွေမှာ ဆိုရှယ်လစ် စီးပွားရေးမှာလို ခွဲတမ်းချတာတွေ၊ အထွက်နှုန်း ကန့်သတ်တာတွေ၊ ဈေးနှုန်းထိန်းချုပ်တာတွေ၊ ပြည်ပပို့ကုန်တွေမှာ အစိုးရ ထောက်ပံ့ကြေးပေးတာတွေစတဲ့ အစိုးရ စွက်ဖက်မှုများ ထုထယ်နဲ့ချီပြီး ရှိလာလို့ဖြစ်ပါတယ်။

ဒီစက်မှုနိုင်ငံကြီးတွေအနေနဲ့ အဲဒီလို အစိုးရ ဝင်ရောက်စွက်ဖက်မှုတွေကို ဖယ်ရှားပေးပြီး အရင်းရှင်စနစ်ရဲ့ လွတ်လပ်တဲ့ ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို အစားထိုး ထူထောင်သွားမယ်ဆိုရင် သူတို့နိုင်ငံတွေမှာ ဒီကနေ့ ပေါ်ပေါက်နေတဲ့ မြုပ်နှံစရာအရင်းရှားပါးမှုတွေ ပပျောက်သွားမယ်။ အသစ်တွေ့ရှိထားတဲ့ သုတေသနလုပ်ငန်းများကို လက်တွေ့ ကုန်ထုတ်လုပ်ငန်းတွေမှာ တိုးချဲ့ ထူထောင်သွားဖို့ လမ်းပွင့်သွားမယ်။ ဒီကတစ်ဆင့် ကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်း ပပျောက်သွားပြီး ကမ္ဘာ့ဈေးကွက်ကြီးဟာ ငြိမ်းချမ်းမြန်ဆန်စွာ ဖွံ့ဖြိုးလာမယ် ဖြစ်ပါတယ်။ ဒီစက်မှုနိုင်ငံကြီးတွေအဖို့ စီးပွားရေးလွတ်လပ်မှုနဲ့ နိုင်ငံရေးလွတ်လပ်မှုအရာမှာ အမြင့်ဆုံးစံချိန်မျိုး ရခဲ့ဖူးပါတယ်။ ဒီကနေ့မှာတော့ စီးပွားရေး မလွတ်လပ်မှုရဲ့ မရှောင်သာတဲ့ အကျိုးဆက်အဖြစ် နိုင်ငံရေးခန်းမှာလည်း ပြဋ္ဌာန်းဥပဒေတွေ၊ ထုံးတမ်းစဉ်လာတွေအပေါ် ချိုးဖောက်မှုများ ကြုံလာနေရပြီ ဖြစ်ပါတယ်။ လက်တွေ့အားဖြင့် ရာဇဝတ်မှုခင်း ထူပြောလာမှု၊ အလုပ်လက်မဲ့ပြဿနာ များပြားလာမှု၊ လူဖြူတွေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက လာရောက်နေထိုင်ကြသူတွေအကြား လူမျိုးရေးပဋိပက္ခ ကြီးထွားလာမှုတွေ၊ လုံခြုံရေးအားနည်းလာမှုတွေက သက်သေပြပါတယ်။

ဒါတွေဟာ စီးပွားရေး မလွတ်လပ်တဲ့ အကျပ်အတည်းရဲ့ အကျိုးဆက်တွေ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းတရားကို အခြေမခံဘဲ ဖြစ်လာတဲ့အကျိုးဆက် အပေါ်သာ အခြေခံပြီး အနောက်စက်မှုနိုင်ငံကြီးများက အစိုးရတွေ၊ လွှတ်တော်အမတ်တွေနဲ့ ပညာရှင် အချို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေးတွေမှာ စီးပွားရေး လွတ်လပ်မှုထက် နိုင်ငံရေးလွတ်လပ်မှုက ပဓာနကျတယ်လို့ ကျင့်သုံးအကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

အမှန်မှာ ပုဂ္ဂလိကစီးပွားရေး၊ ကုန်ထုတ်လုပ်ရေးဘဝ၊ ကုန်သွယ်ရောင်းဝယ် ဆက်ဆံရေးဘဝတွေ စည်ပင်ဖွံ့ဖြိုးလာမှသာ လူတွေဟာ ပုဂ္ဂလိကပိုင်ဆိုင်မှုဘဝများက သင်ကြားပေးလိုက်တဲ့ အလုပ်ကို ရိုသေမှု၊ စည်းကမ်းရှိမှု၊ ရိုးသားကြိုးစားမှု၊ တာဝန်ရှိ၊ တာဝန်သိ၊ တာဝန်ခံလိုမှု စတဲ့ ဒီမိုကရေစီဓလေ့စရိုက်တွေ ပေါ်ထွန်းလာမယ်ဖြစ်ပါတယ်။

ဒီကနေ့ အနောက်အုပ်စု အပေါင်းပါတွေဟာ အဲဒီလို လူ့အဖွဲ့အစည်းရှေ့သို့ အစဉ်တက်လှမ်းရေးတရားဖြစ်တဲ့ အရင်းရှင်စနစ်ရဲ့ (Competition)ကို ဖျက်ကွယ်ပြုပြီး မြေရှင်စနစ်ဆိုးရဲ့ (Monopoly)လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးဝါဒကို ကိုယ်စားပြုကာ နိုင်ငံတကာတွင် စစ်အင်အားသုံး အကျပ်ကိုင်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ အထူးသဖြင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်တင်းကျပ်စွာ ပိတ်ဆို့အရေးယူမှုတွေဟာ ဦးတည်တဲ့နိုင်ငံသာမက စီးပွားရေးလုပ်ငန်းများနဲ့ ဒေသများကိုပါ ထိခိုက်စေပြီး နိုင်ငံတကာဈေးကွက်ကြီး ပွင့်လန်းလာရေး၊ သူတို့ စက်မှုနိုင်ငံတွေမှာ ကြုံတွေ့နေရတဲ့ စီးပွားရေးအကျပ်အတည်းက လွတ်မြောက်ရေး၊ လူ့အဖွဲ့အစည်းရှေ့သို့ တက်လှမ်းရေးတို့အတွက်ပါ အတားအဆီးဆူးငြောင့်သဖွယ်သာ ဖြစ်တယ်ဆိုသာ သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

အခြေခံစီးပွားရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရန်၊ စီးပွားရေးလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ (MHR)မှ Basic Business Management Trainingသင်တန်းကို ဩဂုတ်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး Book keeping & Accounting, Sales & Marketing, Human Resource Fundamental, Introductional to Management ဘာသာရပ်လေးခုကို နှစ်လ သင်ကြားပေးမည်ဖြစ်သည်။

ABE (UK), CIM (UK) အစရှိသော နိုင်ငံတကာ အသိအမှတ်ပြုအဆင့်မြင့် ဒီပလိုမာသင်တန်းများ တက်ရောက်ရန်အတွက် အခြေခံကောင်းလိုသူများ၊ စီးပွားရေးစီမံခန့်ခွဲမှုပညာကို အခြေခံမှစ၍ စနစ်တကျ သိရှိနားလည်လိုသူများ၊ မည်သည့်စီးပွားရေးပညာသင်တန်းမှ မတက်ဖူးသော ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီလုပ်ငန်းခွင်သို့ အလုပ်စတင်ဝင်ရောက်တော့မည့် ဘွဲ့ရများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး လူဦးရေကန့်သတ်ထားသဖြင့် MHR၊ အခန်းအမှတ်(၉၀၅)၊ ကိုးလွှာ အဆင့်မြင့်သံဈေးကွန်ဒို လမ်းမတော်လမ်း ဖုန်း–၇၀၇၈၂၂သို့ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်းသိရသည်။ (က–ပ)

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲက ရပ်ကွက် အတွင်းရှိ အလက(၁)၊ အလက(၂)၊ အမက (၄၉)မှ ချို့တဲ့ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးအား ပညာသင်စရိတ်နှင့် စာရေးကိရိယာထောက်ပံ့ပွဲ၊ ကျောင်းမနေနိုင်သည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးအား ကျောင်းနေစရိတ်ထောက်ပံ့ပွဲနှင့် ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဩဂုတ် ၂၁ ရက်က အမက(၄၉) စာသင်ဆောင်၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးရန်နောင်ထံ အလှူရှင် တောင်သူကုန်းရပ်ကွက်နေ ဦးစောဗစ်တာလွင်–နော်ဘလော်ဆင် မိသားစုက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။
(ဗြ)

▲ နိုင်ငံတော်မှ

ယခုနှစ် မိုးစပါးစိုက်ပျိုးမှုကို လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးနိုင်အောင် ရေပေးနိုင်ရေးတွင် လိုအပ်ချက်များရှိပါက ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများကလည်း မိမိတို့ခရိုင်၏ မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးတိုင်းအတွက် ချမှတ်ပေးထားသော စိုက်ပျိုးရေးအတွက် ဦးစားပေးစီမံကိန်းများဖြစ်သည့် မြစ်ရေတင်စီမံကိန်းဖြင့် စပါးစိုက်ပျိုးမှုကို လျာထားချက်အတိုင်း အမှန်စိုက်ပျိုးနိုင်ရန် ကြိုးကြပ်ဆောင်ရွက်မှု အခြေအနေ၊ မြစ်ရေတင် စီမံကိန်းအချို့၏ ရေနည်းပါးမှုနှင့် အခြားသော အခက်အခဲအချို့ကြောင့် မိုးစပါးစိုက်ပျိုးမှု အနည်းငယ် နောက်ကျသော်လည်း မြစ်ရေတင်စီမံကိန်းများ အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်မည့်အခြေအနေများ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ယခုနှစ် မိုးစပါးစိုက်ပျိုးမှုကို လျာထားချက်အတိုင်း အပြည့်အဝ စိုက်ပျိုးပြီးစီးရေးကို သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဦးဆောင်၍ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်ဦး–မြင်းခြံ ကားလမ်းအတိုင်း ထွက်ခွာကြပြီး မြင်းခြံမြို့မှ မြင်းခြံ–မြစ်သားလမ်းမှတစ်ဆင့် မွန်းလွဲ ၁နာရီခွဲတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းရွာအနီးရှိ သစ်တက်ကုန်း ရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

တည်ဆောက်ရေး လုပ်ငန်းများကို မူလတူးမြောင်းမကြီး အကျယ် ၁၀ ပေမှ ၂၁ပေအထိ တိုးချဲ့ခြင်းလုပ်ငန်း၊ မူလတူးမြောင်း အဆောက်အအုံများကို တိုးချဲ့ခြင်းလုပ်ငန်း၊ တိုးချဲ့တူးမြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မြောင်းအသစ်အတွက် တူးမြောင်းအဆောက်အအုံလုပ်ငန်းဟူ၍လုပ်ငန်းလေးရပ်ပိုင်းခြား ဆောင်ရွက်မည်ဖြစ်ရာ ယခုအခါ လက်ရှိမြောင်းမကြီး ၁၅မိုင် ချဲ့ထွင်ခြင်းလုပ်ငန်းကို မြေကျင်းပေါင်း ၆၉၂၅၀ အနက် ကျင်းပေါင်း ၁၇၂၆၀ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အခြားလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်တက်ကုန်း ရေလွှဲဆည် မြောင်းမကြီးအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သစ်တက်ကုန်း မြောင်းမကြီး ရေတံခါးနှင့် တိုးချဲ့မြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မြောင်းမကြီး ဖြတ်ကျော်တံတားပေါ်မှ မြောင်းမကြီးတိုးချဲ့ ဖောက်လုပ်ထားမှုနှင့် ပြင်ဆင်မွမ်းမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ယန္တရားများဖြင့် မြောင်းမကြီးတိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ မော်တော်ယာဉ်များဖြင့် မြောင်းမကြီးတစ်လျှောက် ရေဝင်ရောက်မှုနှင့် ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီတွင် ကျောက်ဆည်ခရိုင် ဘဲလင်းရွာအနီးရှိ မင်းရွာမြောင်း ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းအနီးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန စွန်ရဲအင်း ရေတင်စခန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန စွန်ရဲအင်း ရေတင်စခန်းမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စပါးစိုက်ပျိုးရာတွင် အလွယ်တကူရေပေးနိုင်သော နေရာများ၌ စီစဉ်စိုက်ပျိုးရေး၊ လျာထားချက်နှင့်အညီ စိုက်ပျိုးရေ ပေးဝေနိုင်ရေး၊ ရေပေးစနစ်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စွန်ရဲရေတင်စခန်း၏ မြောင်းအတွင်းသို့ ရေတင်နေမှုအခြေအနေနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေများကို လည်းကောင်း၊ နတ်ရေကန်ရွာနှင့် မီးသွေးဖုတ်ရွာအကြား ဝါစိုက်ပျိုးမှု အခြေအနေများနှင့် ရွှေလုံဘိုကန်ပြုပြင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင် မြစ်သားမြို့ရှိ သစ်တက်ကုန်း ရေလွှဲဆည်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဩဂုတ် ၂၂ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ဖွင့်လှစ်သော အီလက်ထရောနစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်း၊ ကွန်ပျူတာအသုံးချမှုသင်တန်းနှင့် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း လည်ပတ်ထိန်းသိမ်းရေး သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)



သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေးဟောပြောပွဲများ မြင်းမူ၊ ရေဦးနှင့် ယင်းမာပင်မြို့နယ်တို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ပဏာမ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်အရ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၁ရက်တွင် မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလူမော်က အမှာစကားပြောကြားသည်။

ယင်းနောက် မြင်းမူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥာဏ်ထွန်းက မြင်းမူမြို့နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ညွှန့်က မြန်မာနိုင်ငံ၌ သွားနှင့် ခံတွင်းရောဂါများသည် အဖြစ်များသည့် ရောဂါများဖြစ်ကြောင်း၊ သွားနှင့်ခံတွင်းရောဂါများသည် ကာကွယ်၍ရသည့် ရောဂါများဖြစ်ကြောင်း၊ ကြိုတင်ကာကွယ်ခြင်းဖြင့် ရောဂါဝေဒနာများ ခံစားရမှုမှသက်သာရခြင်း၊ ငွေကုန်ကြေးကျနည်းခြင်း၊ အလုပ်အကိုင်မပျက်ခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရမည့်အပြင် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် ပြည်သူလူထုအတွင်း သွားရောဂါဖြစ်ပွားမှု နှုန်းထားများသည်လည်း လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်းဖြင့် ပညာပေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်သူလူထု၏ သိလိုသည်များ မေးမြန်းဆွေးနွေးချက်များကို ဒေါက်တာကျော်ညွှန့်က ပြန်လည်ဖြေကြားသည်။ ယင်းဟောပြောပွဲသို့ ဒေသခံပြည်သူ ၃၀၀ ခန့် တက်ရောက်ကြသည်။

အလားတူ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ရက်တွင် မြင်းမူမြို့နယ် ဝင်းပြည့်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ လည်းကောင်း၊ ဩဂုတ် ၁၃ရက်တွင် ထီးဆောင်ကျေးရွာ၌ လည်းကောင်းကျင်းပရာ စုစုပေါင်းဒေသခံပြည်သူ ၅၀၀ ခန့် တက်ရောက်ကြသည်။

ထို့အတူ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ရက်နှင့် ၁၅ရက်တို့တွင် ရေဦးမြို့ပေါ်နှင့် အင်တောကျေးရွာ၊ မုတ်ဆိတ်ကျေးရွာများ၌ ကျင်းပရာ ဒေသခံပြည်သူ ၆၀၀ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အဖေနဲ့အမေစာအုပ် ဒုတိယအကြိမ်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၂

ဆရာကြီးဦးသုခ၏ "အမေ" အမှာစာနှင့်အတူ အဖေနှင့် အမေ၏ မေတ္တာ၊ အဖေနှင့် အမေ၏ စေတနာ၊ အဖေနှင့် အမေ၏ ကျေးဇူးများကို သတိတရဖြစ်စေမည့်စာရေးဆရာကြီး ရန်အောင်၏ အဖေနဲ့အမေစာအုပ်ကို ရန်အောင်စာပေ ၃၄၃/၁၈ အနောက်ရန်ကင်း ဖုန်း–၇၂၂၅၇၂ က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)** (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ယှဉ်ပြိုင်နိုင်

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် **"ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"**ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ၁၀လက်မ X ၁၂လက်မနှင့်အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စုသတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ဆုများချီးမြှင့်မည်

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂဂတ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data)နှင့် ဓာတ်ပုံအကြောင်းအရာ (Caption) ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက် ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သောဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့် တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများတွင် ချီးမြှင့်မည်ဖြစ်သည်။

ပေးပို့ယှဉ်ပြိုင်

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

❒ ငလိုက်ဆည်မှ

ကြေးမုံအဖွဲ့ ရောက်ရှိသွားသော ဩဂုတ် ၈ရက် နံနက်က ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့သော ရေလှောင်တမံအားလုံးတွင် ဆည်ဦးစေတီများ တည်ထားကိုးကွယ်ခဲ့သည့် အစဉ်အလာအတိုင်း ဆည်ဦးစေတီတည်ထားရန် ပန္နက်တင်အခမ်းအနားပြုလုပ်သည်နှင့် ကြုံကြိုက်ခဲ့ကြသည်။

ပျဉ်းမနားမြို့နယ်မှ သံဃနာယက အဖွဲ့ဝင် ဆရာတော်ကိုးပါးကိုပင့်ဖိတ်၍ သတ်မှတ်သောအချိန်တွင် ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံမှ နေ့သင့်နံသင့် ဆည်မြောင်းဦးစီးမှူးနှင့် ဦးစီးအရာရှိတို့က ပန္နက်တင်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပြုကြပြီးနောက် ဆည်ဦးစေတီတော်ကို အောင်တံခွန်စေတီတော်ဟု ဘွဲ့အမည်နာမ ပေးကြသည်။

ကြေးမုံသတင်းအဖွဲ့အား တည်ဆောက်ရေး(၄) ဦးစီးမှူးများဖြစ်ကြသော ဦးဝင်းထိုက်နှင့် ဦးအောင်မိုးသိန်းတို့က တာဝန်ယူ ရှင်းလင်းပြောပြသည်။ ဦးစီးမှူး ဦးဝင်းထိုက်က ရှင်းလင်းပြောပြရာတွင် ချောင်းမကြီး (ပျဉ်းမနား) စီမံကိန်းကို ၂၀၀၂ ခုနှစ် ဧပြီလတွင် အကောင်အထည်ဖော်ရန် စတင်ပေါ်ပေါက်ခဲ့ကြောင်း။

အတည်ပြု

ထို့ကြောင့် ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် လမ်းအူကြောင်းရှာခြင်းလုပ်ငန်း၊ အဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ အတည်ပြုချက်အရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလဆန်းမှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း။

လုပ်ငန်းများ စတင်ခဲ့ရာ၌ ချောင်းပိုင်းတွင် သဲကြောများဖြစ်နေသောကြောင့် တမံရေစိမ့်ခြင်း မရှိစေရန် ကွန်ကရစ် နံရံတည်ဆောက်ရန်အတွက် သက်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းပြီး ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ကုန်ပိုင်းမှ စတင်ပြီး ကွန်ကရစ်ရေစိမ့်တားနံရံကို စတင်တည်ဆောက်ခဲ့သည်။ ရေစိမ့်တား ကွန်ကရစ်နံရံမှာ အကြမ်းအားဖြင့် ပျမ်းမျှအနက် ၅၅ ပေနှင့် အလျားပေ ၁၀၀၀ ရှိပြီး ၂၀၀၃ ခုနှစ် မတ်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း။

တစ်ဖန် ၂၀၀၃ ခုနှစ် ဧပြီ ၆ရက်မှ စတင်ပြီး ချောင်းပိုင်းတမံ ဖို့သော လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့ကြရာ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၊ လက်ထောက်ညွှန်ကြားရေးမှူး(၁) ဦးသန်းထွန်းတို့၏ အနီးကပ် ကြီးကြပ်မှုပြုခဲ့သောကြောင့် အချိန်ကာလ ခုနစ်လခွဲနှင့် တမံမြေဖို့ခြင်းလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ရေပိုလွှဲ တည်ဆောက်ခြင်း၊ရေထုတ်ပြွန်တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးလျက် ရှိကြောင်းဖြင့် ကြေးမုံသို့ ရှင်းပြသည်။

ရေကူပေးရန်

ဆက်လက်၍ ဦးစီးမှူး ဦးအောင်မိုးသိန်းက ဆည်ရေပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောပြရာတွင် ချောင်းမကြီး (ပျဉ်းမနား)ရေလှောင်တမံမှာ ငလိုက်ဆည် ရေသောက်ဧရိယာသို့ ရေကူပေးရန်နှင့် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အနီးတစ်ဝိုက်ဒေသများသို့ သောက်သုံးရေ ပေးဝေနိုင်ရန်အပြင် ပျဉ်းမနားမြို့နယ်အတွင်း ကျောက်အိုးဒေသတစ်ဝိုက်ရှိ လယ်မြေဧက ၂၀၀၀ခန့်ကိုလည်း ရေပေးဝေနိုင်မည်ဖြစ်ကြောင်း။

ငလိုက်ဆည်မှ ဆည်ရေသောက်ဧရိယာများသို့ ရေပေးရန် မလုံလောက်ခြင်းကြောင့် ရေကူပေးမည်ဖြစ်ကြောင်း၊ လက်တံခွဲ (၁)၊ (၂)၊ (၃)တို့နှင့် လက်တံမြောင်းခွဲ လေးခုတို့မှ ခန့်မှန်းခြေ လယ်မြေဧက ၂၀၀၀ ခန့်ကို ရေပေးဝေမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ရေထုတ်ပြွန်မှနေ၍ အချင်း နှစ်ပေရှိ သံမဏိပိုက်တစ်လုံးဖြင့် ကျေးရွာသောက်သုံးရေများ ပေးနိုင်ရန် စီစဉ်ထားပြီး ကျေးရွာသောက်သုံးရေအဖြစ် အသုံးပြုရန် သင့်၊ မသင့်ကို မန္တလေးကျန်းမာရေးဌာန ဓာတ်ခွဲခန်းသို့ပို့၍ စစ်ဆေးရာတွင် သောက်သုံးရေအဖြစ် အသုံးပြုနိုင်ကြောင်း၊ ပြန်ကြားချက် ရရှိထားပြီဖြစ်ကြောင်း၊ သောက်သုံးရေ ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့က ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

ရေဝင်ဧက

ချောင်းမကြီး(ပျဉ်းမနား)ရေလှောင်တမံသည် ရေဆင်းဧရိယာ ၄၃ စတုရန်းမိုင်ရှိပြီး ချောင်းမကြီးချောင်းပေါ်၌ တည်ဆောက်ထားသည်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၅၅လက်မ ရွာသွန်းခဲ့၍ နှစ်စဉ်ပျမ်းမျှ ရေဝင်ဧကပေ ၃၀၀၀ ရှိသည်။

တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျား ပေ ၆၀၀၀၊ တမံအမြင့် ၈၈ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၄၀၀၀၀ ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ ရေထုတ်ပြွန်အရွယ်အစားမှာ ၆ပေ x ၄ပေ တစ်ပေါက်နှင့် ရေထုတ်ပြွန်အလျားပေ ၃၀၀ ရှိသည်။ သတ်မှတ်ထားသော ရေဧကထက် ပိုလာသော ရေများကို ရေပိုလွှဲမှ လွှဲပို့ရန်အတွက် သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲကို အကျယ်ပေ ၅၀ ဖြင့် တည်ဆောက်ထားသည်။

ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံကို အချိန်မီ ပြီးစီးရန်အတွက် လူစွမ်းအား၊ စက်စွမ်းအားများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ပူပြင်းခြောက်သွေ့သော အညာဒေသ၏ စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုပေးမည့် မြန်မာ့လယ်ယာသမိုင်းအမွေအနှစ်များအဖြစ် ကမ္ပည်းတင် တည်ရှိနေတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။**(ကြေးမုံ)**



မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံ၌ မြေသားဖို့ပြီးသော ပင်မတမံမှ ရေထုတ်ပြွန်ဖြင့် ရေထုတ်ပေးရန်အတွက် ရေထုတ်မြောင်းနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ကြေးမုံသတင်းအဖွဲ့က ဤသို့ မှတ်တမ်းတင်ခဲ့သည်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)



မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ချောင်းမကြီးချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသော ချောင်းမကြီး(ပျဉ်းမနား)ရေလှောင်တမံတွင် တမံကျောက်စီလုပ်ငန်းဆောင်ရွက်ထားပြီး ဆည်ရေများ စတင်ဝင်ရောက်လျက်ရှိနေပေပြီ။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ချောင်းမကြီး(ပျဉ်းမနား) ရေလှောင်တမံ၌ ရေပိုလွှဲ တည်ဆောက်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဝါခေါင်လကွယ်နေ့ တရားတော်များ ဟောကြားတော်မူမည်

ရန်ကုန် ဩဂုတ် ၂၂

၁၃၆၅ခုနှစ် ဝါခေါင်လကွယ်နေ့၊ ဩဂုတ် ၂၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဗိုလ်တထောင် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ နရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဝိနယ ပါရဂူ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့-အဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝိသုတ(အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံမွေ့ရာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့အချက်အလက်အဘိဓာန်

ရန်ကုန် ဩဂုတ် ၂၂

ဝင်ခွင့်စာမေးပွဲ ဖြေဆိုမည့်သူများ၊ အားကစားဝါသနာရှင်များ၊ လုပ်ငန်းရှင်များ၊ ဗဟုသုတ ရှာမှီးသူများအတွက် ကမ္ဘာ့ပထဝီဆိုင်ရာ အချက်အလက်များ၊ ကမ္ဘာ့စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အားကစားလောက အချက်အလက်များ အစုံအလင်ပါရှိသည့် ကမ္ဘာ့အချက်အလက် အဘိဓာန်စာအုပ်ကို ရောင်းဈေး ကျပ် ၅၀၀ ဖြင့် ရွှေနန်းမှန်ကူ စာအုပ်တိုက် ဖုန်း-၂၄၅၀၂၄က ဖြန့်ချိလိုက်သည်။ **(အောက်ပုံ)** (က-ပ)

အင်္ဂလိပ်နှင့် ကိုရီးယား အဆင့်မြင့်သင်တန်းများ

ရန်ကုန် ဩဂုတ် ၂၂

ASIA Language & Business Academy တွင် အခြေခံပညာ အထက်တန်းအောင်မြင်ပြီး တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် General English Class များ၊ ခရီးသွားမည့်သူများ၊ လုပ်ငန်းခွင်ဝင် လူတွေ့ စစ်ဆေးခြင်းများအတွက် Communicative English Class များ၊ IELTS, TOEFL, SAT I & II, FCE, G-mat စသည့် သင်တန်းများအား 4 Skills ဖြင့် သင်ကြားပေးလျက်ရှိသည်။

အသေးစိတ်သိလိုပါက ဖုန်း-၇၂၀၉၆၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း

၈း၀၅ ၆။ တေးဂီတအစီအစဉ်

၈း၂၀ ၇။ တံငါတံတား

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Grammar Made Easy.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၅ ၂။ တေးဂီတအစီအစဉ်

၁၁း၃၀ ၃။ ပြည်တွင်းသတင်း

၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂း၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁း၀၅ ၆။ Weekly International Sports.

၁း၁၀ ၇။ **လောကနီတိ (အပိုင်း-၃) အမေ့သား (မင်းမော်ကွန်း၊ ပြေတီဦး၊ စိုးမြတ်နန္ဒာ၊ စန်းစန်းဝင်း) (ဒါရိုက်တာ-ခင်ဇော်)**

၂း၀၅ ၈။ ကိုးကန့်တိုင်းရင်းသားတို့ရဲ့ ဂျင်ပေါက်ပွဲ

၂း၁၅ ၉။ တေးဂီတအစီအစဉ်

၂း၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂း၃၅ ၁၁။ မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများပြပွဲ (အပိုင်း-၃)

၂း၄၅ ၁၂။ International News.

၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ English For Everyday Use.

၄း၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၄း၅၀ ၅။ တေးဂီတအစီအစဉ်

၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)

၅း၁၅ ၇။ **အိပ်မက်လှိုင်းများ (အပိုင်း-၃) (နိုင်းနိုင်း၊ ကျော်ရှိန်း၊ ဓာနည်၊ နဝရတ်၊ ဆုမြတ်ရွှေစင်၊ ချောရတနာ) (ဒါရိုက်တာ-တင်သန်းဦး) (ကရင်ဘာသာစကားဖြင့်)**

၅း၃၀ ၈။ **၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား၊ အမျိုးသမီး)**

၅း၄၅ ၉။ လက်ဆင့်ကမ်းပေး ဂီတတေး

၆း၀၀ ၁၀။ တေးဂီတအစီအစဉ်

၆း၀၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း

၆း၃၀ ၁၂။ ညနေခင်းသတင်း

၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇း၀၅ ၁၄။ Discovery.

၇း၂၀ ၁၅။ ကော်ဖီ(အပိုင်း-၂)

၇း၂၅ ၁၆။ တေးဂီတအစီအစဉ်

၇း၃၅ ၁၇။ ဝင်ငွေကောင်းသည့်သီးနှံသစ် မက္ကဒေးမီးယား

၇း၄၅ ၁၈။ နတ်သားတောရေလှောင်တမံ

၈း၀၀ ၁၉။ ပြည်တွင်းသတင်း

၂၀။ နိုင်ငံတကာသတင်းများ

၂၁။ မိုးလေဝသအခြေအနေ

၂၂။ **မြန်မာရုပ်ရှင် အချစ်ကို မွေးဖွားခြင်း (အပိုင်း-၁) (ရန်အောင်၊လူမင်း၊ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်တင်ဦး)**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

ဒေါက်တာတင်အောင်အေး အလုံမြို့နယ်တရားရုံးကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးသည် ယနေ့နံနက် ၈နာရီက အလုံမြို့နယ် တရားရုံးသို့ သွားရောက်ပြီး အလုံမြို့နယ် တရားရုံးမှ တရားသူကြီးများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေနှင့်အညီ အမှုများ မှန်မှန်နှင့်မြန်မြန် စစ်ဆေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအလေးမအဖွဲ့ အောင်မြင်မှုမြင့်မားရေးလေ့ကျင့်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၂

အားကစားနည်းတစ်ခုအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော ရွှေတံဆိပ်ဆုကို ရယူနိုင်ရန်မှာ လွန်စွာခက်ခဲလှသော အရာပင်ဖြစ်သည်။ ထို့ထက်ပိုမိုခက်ခဲ လှသော အရာမှာ အစဉ်အမြဲရွှေတံဆိပ်ဆုကို မလွတ်တမ်းရယူနိုင်ရန်ပင်ဖြစ်သည်။

ရွှေဆုများရရှိ

အဆိုပါကဲ့သို့သော အောင်မြင်မှုမျိုးကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ၁၉၅၉ ခုနှစ်မှစ၍ နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည်မှာ ယခုထက်တိုင်ပင်ဖြစ်သည်။ ၁၉၅၉ခုနှစ်တွင် စတင်ကျင်းပသောပထမအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲ (ယခင် အရှေ့တောင်အာရှကျွန်းဆွယ်) ပြိုင်ပွဲမှစ၍ ပြီးခဲ့သည့် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ အကြိမ်(၂၀)မြောက် ပြိုင်ပွဲမှအပ နှစ်ပေါင်း ၄၀ကျော်အတွင်း နှစ်နှစ်တစ်ကြိမ် နိုင်ငံတော်အတွက် ရွှေဆုများရယူပေးခဲ့သော အဖွဲ့ချုပ်လည်းဖြစ်သည်။ ဘရူနိုင်းနိုင်ငံတွင် ကျင်းပသော အကြိမ်(၂၀)မြောက်ပြိုင်ပွဲတွင်အလေးမအားကစားနည်း ထည့်သွင်းမကျင်းပခြင်းကြောင့်သာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်သည် ရွှေဆုမယူလိုက်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၏ ရွှေဆုရရှိခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၏ အချိန်ကာလများကို ပြန်ပြောင်းဖော်ပြရလျှင် ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရွှေတံဆိပ် နှစ်ခု၊ ၁၉၆၁ ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပသော ဒုတိယအကြိမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၆၅ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပသည့် တတိယအကြိမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ၁၉၆၇ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပသော စတုတ္ထအကြိမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၆၉ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပသော ပဉ္စမအကြိမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ၁၉၇၁ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပသော ဆဋ္ဌမအကြိမ် ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၇၃ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပသော သတ္တမအကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ခုနစ် ခု၊ ၁၉၇၅ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပသော အဋ္ဌမအကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ၁၉၇၇ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပသည့် နဝမအကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၇၉ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော (၁၀)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ကိုးခု၊ ၁၉၈၁ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပသော (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၁၉၈၃ခုနှစ် စင်ကာပူနိုင်ငံတွင်ကျင်းပသော (၁၂)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၈၅ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပသော (၁၃)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ၁၉၈၇ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသော (၁၄)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခု၊ ၁၉၈၉ခုနှစ်မလေးရှားနိုင်ငံတွင်ကျင်းပသော (၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ၁၉၉၁ခုနှစ်ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော (၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ၁၉၉၃ခုနှစ် စင်ကာပူနိုင်ငံတွင်ကျင်းပသော (၁၇)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ၁၉၉၅ခုနှစ်ထိုင်းနိုင်ငံတွင်ကျင်းပသော (၁၈)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ၁၉၉၇ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသော (၁၉)ကြိမ်မြောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ၂၀၀၁ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပသော (၂၁) ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခုတို့ဖြစ်ကြသည်။ နိုင်ငံတော်အတွက် ရွှေတံဆိပ်စုစုပေါင်း ၈၁ခု ရယူပေးနိုင်ခဲ့ပြီဖြစ်သည်။ ငွေတံဆိပ်၊ ကြေးတံဆိပ်များစွာလည်း ရရှိပြီးဖြစ်သည်။

ကမ္ဘာ့စံချိန်သစ်တင်

ထို့ပြင် ၁၉၇၂ခုနှစ် ဂျာမနီနိုင်ငံတွင် ကျင်းပသော မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အောင်ကြီးသည် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ အောင်ကြီးသည် အသန့်ရှင်းဆုံးဆုကိုပါ ရရှိခဲ့သည်။ ၁၉၉၇ခုနှစ်တွင် ကမ္ဘာ့အဆင့်ပြိုင်ပွဲ၌ အသင်းလိုက် ဒုတိယဆုကို ရရှိခဲ့သည်။ ၂၀၀၂ခုနှစ် ဇွန်လတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသော Top-Star ပြိုင်ပွဲတွင်၄၈ ကီလိုတန်း၌ ကေသီဝင်းက တရုတ်နိုင်ငံမှ ကမ္ဘာ့အဆင့်(၁)ရှိ ကစားသမားကို ဖြတ်ကျော်ကာ ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။ ကေသီဝင်းသည်ပြီးခဲ့သည့် (၁၄)ကြိမ်မြောက် ဘူဆန် အာရှအားကစားပြိုင်ပွဲတွင် အမြန်မ-၉၀၊ နှစ်ဆင့်မ-၁၁၀၊ စုစုပေါင်း (၂၀၀)ဖြင့် ပထမရရှိသွားသော တရုတ်မှ ကစားသမားနှင့်ကမ္ဘာ့စံချိန်တူ မနိုင်သော်လည်း ကိုယ်လေးချိန်များ၍သာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ထိုကဲ့သို့သော အောင်မြင်မှုမျိုးသည် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်အတွက် သမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

လေ့ကျင့်မှုပြည့်ဝ

မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်၏ အောင်မြင်မှုအရဆုံးပြိုင်ပွဲ၊ အရှေ့တောင်အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲကြီးဖြစ်သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးစတင်ရန် နီးကပ်လာချေပြီ။ ဒီဇင်ဘာလအတွင်း၌ ကျင်းပတော့မည်ဖြစ်ရာ သုံးလကျော်ကျော်သာ လိုတော့ပေသည်။ ပြိုင်ပွဲတိုင်းရွှေဆု လက်မလွတ်ခဲ့ရသော မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲ၌လည်း အောင်မြင်မှုရရှိရေး အချိန်ယူပြင်ဆင်ခဲ့ရာ ယခုဆိုလျှင် အတော်ပင်လေ့ကျင့်မှု ပြည့်ဝနေ ကြပြီဖြစ်သည်။ အလေးမအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေပုံများနှင့် ပတ်သက်၍ ကြေးမုံက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

တွဲဖက်လေ့ကျင့်ပေးနေ

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစန်းမြင့်က ကြေးမုံသို့ပြောကြားရာတွင် "ယခု အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အမျိုးသားသုံးဦး၊ အမျိုးသမီးကိုးဦးတို့ကို ပဏာမရွေးချယ်ထားကြောင်း၊ ထိုအားကစားသမားများကို ဘူဆန် အာရှအားကစားပြိုင်ပွဲအပြီး ၂၀၀၂ ခုနှစ် အောက်တိုဘာလဝက်လောက်မှစ၍ လေ့ကျင့်ခဲ့ကြောင်း၊ အမျိုးသားအသင်းရော အမျိုးသမီးအသင်းပါ တရုတ်နိုင်ငံမှာ နည်းပြမစ္စတာဝုရီပိန်းက ကိုင်တွယ်လေ့ကျင့်ပေးနေကြောင်း၊ မြန်မာနည်းပြများကလည်း တွဲဖက်လေ့ကျင့်ပေးနေကြောင်း၊ တစ်ပတ်လျှင်ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့မှလွဲ၍ နံနက် ၈ နာရီခွဲမှ ၁၁နာရီ၊ ညနေ ၃နာရီမှ ၅နာရီအထိ လေ့ကျင့်ပေးကြောင်း၊ မစ္စတာ ဝုရီပိန်းကလည်း လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန်လုပ်နေ၍ ကလေးတွေလည်း လေ့ကျင့်မှုအတော်ပင်ပြည့်ဝနေကြကြောင်း။



(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ အလေးမ ပြိုင်ပွဲအတွက် မြန်မာ အလေးမ အဖွဲ့ လေ့ကျင့် လျက်ရှိရာ (၅၃)ကီလိုတန်းတွင် ပဏာမ ရွေးချယ် ခံထားရသော ဆွေဆွေဝင်း လေ့ကျင့်နေစဉ်။

ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ကစားသမားတွေကိုသုံးလတစ်ကြိမ် လက်ရည်စမ်းပွဲ ကစားစေခဲ့ကြောင်း၊ ကစားသမားတွေရဲ့ စံချိန်တွေကလည်း ယခင်ကထက် တိုးတက်မှုရှိလာကြောင်း၊ ဆုတံဆိပ် မျှော်မှန်းနိုင်သည့် အနေအထားတွင်ရှိကြောင်း၊ အားကစားဝန်ကြီးကလည်း မိမိတို့အောင်မြင်ရေးအတွက် အနီးကပ်လမ်းညွှန်ပေးကာ လိုလေသေးမရှိ ပံ့ပိုးပေးကြောင်း၊ ကစားသမားတွေရဲ့ စားသောက်စရိတ်များကို အား/ကာနှင့်အဖွဲ့ချုပ်တို့ပူးပေါင်းကာ တစ်နေ့လျှင် ကျပ်၁၆၀၀နှုန်းဖြင့် ကျွေးမွေးကြောင်း၊ ထို့ပြင် လေ့ကျင့်ပြီးတိုင်း အင်အားဖြည့်ဆေးများ နေ့စဉ်တိုက်ကျွေးကြောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်စိုးကလည်း လိုအပ်သည်များ ပံ့ပိုးပေးကြောင်း။

အဓိကပြိုင်ဘက်

မိမိတို့ ယခုပြိုင်ပွဲမှာ ထိုင်း၊ အင်ဒိုနီးရှားတို့ကို အဓိကထား ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ထိုင်းအသင်းဟာ ပြီးခဲ့သည့် ဘူဆန်အားကစားပြိုင်ပွဲတွင် အလွန်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ အိမ်ရှင်ဗီယက်နမ်ကလည်း တိုးတက်လာ၍ အလေးထားရမည်ဖြစ်ကြောင်း၊ ကျန်အသင်းများကိုလည်း လျှော့မတွက်ကြောင်း၊ ထို့ကြောင့် အသင်းအားလုံးကို ကျွန်တော်တို့က သတိဝီရိယအပြည့်ဖြင့် လျှော့မတွက်ဘဲ အလေးထားယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ယခုပြိုင်ပွဲတွင် ယခင်ကရရှိခဲ့သောအစဉ်အလာအတိုင်း အောင်ပွဲခံနိုင်မည်ဟုယုံကြည်ကြောင်း" ကြေးမုံသို့ ပြောကြားသွားသည်။

ပဏာမရွေးချယ်

ပဏာမ ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော ကစားသမားများအနက် အမျိုးသားသုံးဦးမှာ (၆၂)ကီလိုတန်းတွင် မြင့်ကြည်(လယ်/ဆည်)၊ (၆၉)ကီလိုတန်းတွင် အောင်အောင်ထူး (တပ်မတော်-ကြည်း)နှင့် (၇၈)ကီလိုတန်းတွင် အောင်ကျော်(လယ်/ဆည်)၊ အမျိုးသမီးကိုးဦးမှာ (၄၈)ကီလိုတန်းတွင် ကေသီဝင်း(မြို့တော်စည်ပင်)နှင့် ကြည်ကြည်သန်း(ရထားပို့ဆောင်ရေး)၊ (၅၃)ကီလိုတန်းတွင် ဆွေဆွေဝင်း(ရထားပို့ဆောင်ရေး)၊ (၅၈)ကီလိုတန်းတွင် ရွှေစင်ဝင်း(လယ်/ဆည်)နှင့် နော်လာကဖောရှီး(ရထားပို့ဆောင်ရေး)၊ (၆၃)ကီလိုတန်းတွင် ခင်မိုးနွယ် (စက်မှု-၁)နှင့် အိအိမွန်(လယ်/ဆည်)၊ (၆၉)ကီလိုတန်းတွင် မြစန္ဒာဦး (လယ်/ဆည်) ၊ (၇၅)ကီလိုတန်းတွင် ချိုချိုဝင်း(လယ်/ဆည်)တို့ ဖြစ်ကြသည်။ အမျိုးသားအသင်းကို နည်းပြအဖြစ်ဦးစန်းမြင့်နှင့် ဦးသီဟန်၊ အမျိုးသမီးအသင်းကို ဦးမြင့်ဆွေနှင့် ဦးလှဝင်းတို့က လေ့ကျင့်ပေးလျက်ရှိသည်။ တရုတ်နည်းပြမစ္စတာဝုရီပိန်း ကတော့ အမျိုးသားရောအမျိုးသမီးပါ လေ့ကျင့်ပေးလျက်ရှိသည်။

အစွမ်းကုန်လေ့ကျင့်

မြန်မာအမျိုးသားအလေးမလက်ရွေးစင်အသင်းသည် ကီလိုတန်းသုံးတန်း ယှဉ် ပြိုင်မည်ဖြစ်ပြီး မြန်မာအမျိုးသမီး အလေးမ လက်ရွေးစင်အသင်းမှာ ခြောက်တန်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အပြီးသတ် ကစားသမားရွေးချယ်မှုကို ဩဂုတ် ၂၉ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

"လေ့ကျင့်မှုသည်ခွန်အားဖြစ်စေသည်၊ နည်းစနစ်သည်စံချိန်ကိုတိုးတက်စေသည်၊ စံချိန်နောက် လိုက်သူသည် စံချိန်၏ တပည့်၊ နည်းစနစ်နောက်လိုက်သူသည် စံချိန်၏အရှင်သခင်" ဟူသော ဆောင်ပုဒ်အတိုင်း မြန်မာ့လက်ရွေးစင် အလေးမ အားကစားမောင်မယ်များသည် ရည်မှန်းချက်ကြီးကြီး၊ လေ့ကျင့်မှု ပြည့်ပြည့်ဝဝဖြင့် အစွမ်းကုန် လေ့ကျင့်လျက်ရှိရာ ယခု (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါတော့သည်။ ။ **(ကြေးမုံ)**

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ဖော်ကာဂျက်လေယာဉ်များဆင်းတက်နိုင်ရေး ဟဲဟိုးလေဆိပ် အဆင့်မြှင့်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ဟဲဟိုးလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ်များနားနေဆောင်၌ Asia World Co.,Ltdမှမန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဟဲဟိုးလေယာဉ်ပြေးလမ်း အရှည်ပေ ၆၀၀၀၊ အကျယ်ပေ ၅၀ကို ဖော်ကာအက်ဖ် (၂၈)ဂျက်လေယာဉ်များ၊ ဆင်း/တက်နိုင်ရေးအတွက် အရှည်ပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ရရှိရန် တိုးချဲ့ရေးလုပ်ငန်းများ၊ လက်ရှိပြေးလမ်းကို အကျယ်ပေ ၁၀၀ရရှိရန် တိုးချဲ့ခြင်းလုပ်ငန်း၊ လေယာဉ်ရပ်နားနေရာ တိုးချဲ့ခြင်းလုပ်ငန်း၊ မူလပြေးလမ်းပေါ်တွင် လေးလက်မထု ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာတင်ခြင်းနှင့် မျက်နှာပြင်ညှိလွှာတင်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တောင်ဖို့လုပ်ငန်းကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်ရှိ အရှိန်သတ်စွန်း ကျောက်ကတ္တရာခင်းပြီး အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လေယာဉ်ပြေးလမ်း မြောက်ဘက်၌ အရှိန်သတ်စွန်း (Over Run) ခင်းပြီးသည့် အခြေအနေနှင့် လေယာဉ်အတက်အဆင်း မလွတ်ကင်းသည့် တောင်ဖြိုခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လေဆိပ်မှန်ဦးနေရာစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်အဝင်လမ်း တိုးချဲ့ဆောင်ရွက် ပြီးစီးနေမှုအခြေအနေနှင့် လေဆိပ်မှန်ဦးအသစ် တည်ဆောက်မည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် Student's Guide သမိုင်းစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး များက စီစဉ်ရေးသား လမ်းညွှန်သည့် Student's Guide ဘာသာစုံ သင်ရိုးကုန်စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သမိုင်းဘာသာရပ် သင်ရိုးကုန်စာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

ဦးမင်းဦး ဌာနမှူး (သင်တန်းရေးရာ) ဘွဲ့နှင်းသဘင် အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၅၀၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

သတ္တဌာန ဗုဒ္ဓါနုဿတိ ကိုးရက်တရားစခန်း ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် ကျိုက္ကစံ ဆံတော်ရှင်ဘုရားအရှေ့ဘက်ရှိ သတ္တဌာနဗုဒ္ဓ ခုနစ်ဆူ ရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပမြဲဖြစ်သော သတ္တဌာန ဗုဒ္ဓါနုဿတိ ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးကို အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ သုမင်္ဂလ ဆရာတော်ကြီး ဟောကြားပြသမည်။ အဓိဋ္ဌာန်ပွဲကြီးကို စက်တင်ဘာ ၁ရက်မှ ၉ရက်အထိ သတ္တဌာန ဗုဒ္ဓါနုဿတိ ကိုးရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ ပါရမီရှင်များ လာရောက်တရားအားထုတ်နိုင်ရန်နှင့် ယောဂီကျောင်းဆောင်သစ်ကြီးအတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

✲ အဆင့်မြင့်တန်းမှ အသစ်ပြန်လည်ဖွဲ့စည်းကာ လေ့ကျင့်မှုများ ပြည့်ဝအောင် လေ့ကျင့်ပြင်ဆင်ခဲ့သောကြောင့် ကွင်းဖွင့်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲမှာပင် နိုင်ပွဲကို စတင်ရယူလိုက်နိုင်သည်။

ချေပဂိုး

ပွဲအစတွင် ကာကွယ်ရေးအသင်းက အချိတ်အဆက်မိမိဖြင့် တိုက်စစ်ဆင်ကစားရာ ပွဲအစငါးမိနစ်မှာပင် စန်းမောင်ဖြတ်ပေးသော ဘောလုံးကို အောင်မိုးဦးက ပြန်တည်ပေးရာ ထွန်းမင်းနိုင်က ပိတ်လိုက်၍ ကာကွယ်ရေး ဂိုးစတင်ရရှိသွားသည်။ ပတ္တမြားနဂါးအသင်းကလည်း ဂိုးပေးလိုက်ရသောကြောင့် အရှုံးဂိုးချေပနိုင်ရန် ပြန်လည်ကြိုးစားလာသော်လည်း ကာကွယ်ရေးနောက်တန်း၏ မလွှတ်တမ်းဖျက်ထုတ်မှုကို ခံနေရ၍ ပတ္တမြားနဂါး တိုက်စစ်အချည်းနှီးဖြစ်နေရသည်။ ၁၇ မိနစ်ကျမှ ထွန်းဝင်းက ပြစ်ဒဏ်ဘောမှတစ်ဆင့် လှပစွာကန်သွင်းယူပြီး ပတ္တမြားနဂါးအတွက် ချေပဂိုးကို ရယူလိုက်သည်။

ဒုတိယဂိုး

ကာကွယ်ရေးအသင်းတွင် ကျော်မင်းသက်အစားသမ္ဘာရင့် မျိုးမြင့်ထွေး ဝင်လာမှ တိုက်စစ်အား ပိုမြိုင်လာပြီး ပတ္တမြားနဂါးဘက်သို့ ပိုမိုဖိကစားလာနိုင်သည်။ ၃၁မိနစ်တွင် မျိုးမြင့်ထွေး ဘယ်ကျောမှ ဖြတ်တင်ပေးသော ဘောလုံးကို မောင်မောင်အောင်က ဒိုင်ဗင်ထိုး ခေါင်းတိုက်သွင်းယူလိုက်၍ ကာကွယ်ရေး ဒုတိယဂိုး ရရှိသွားသည်။ ကာကွယ်ရေးအသင်းအတွက် တတိယဂိုးကို ပထမပိုင်းပြီးခါနီး သုံးမိနစ်အလိုတွင် စန်းမောင်၏ ခေါင်းတိုက်ဂိုးသွင်းမှုကို ပတ္တမြားနဂါး ဂိုးသမားမျိုးလွင်ဦး ကာကွယ်ရာ ပြန်အန်ထွက်လာစဉ် ဌေးအောင်က ပိတ်လိုက်၍ ပထမပိုင်းတွင် ကာကွယ်ရေးကသုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

အနိုင်ရရှိ

ဒုတိယပိုင်းတွင် ပတ္တမြားနဂါးအသင်းက အရှုံးဂိုးချေပနိုင်ရန် ကြိုးစားလာသော်လည်း တိုက်စစ်မှူးများအတွေ့အကြုံနုနယ်ခြင်း၊ နေရာမယူတတ်ခြင်း၊ အပေးအယူ မမှန်ခြင်းတို့ကြောင့် ကာကွယ်ရေးနောက်တန်း၏ အလွယ်တကူဖျက်ထုတ်ခြင်းကို ခံနေရသည်။ ကာကွယ်ရေး၏ တိုက်စစ်ဆင်မှုမှာလည်း ပထမပိုင်းလောက် အတွဲမမိတော့ဘဲ ဂိုးသွင်းခွင့်များမှာလည်း လွဲချော်နေ၍ မိနစ် ၃၀ကျော်မှ ဂိုးထပ်မံရရှိခဲ့သည်။ ၃၅မိနစ်တွင် မျိုးမြင့်ထွေး ပတ္တမြားနဂါး နောက်ခံလူများကို လှည့်ထွက်ပြီး အသာမျှောပေးရာ အသင့်ရှိနေသော တိုက်စစ်မှူး ထွန်းမင်းနိုင်က တည်ကန်လိုက်၍ ပွဲအပြီးတွင် ကာကွယ်ရေးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော ကာကွယ်ရေးအသင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းရာ အသင်းနည်းပြ ဦးခင်မောင်ဇော်က "ကာကွယ်ရေးအသင်းကို ပြန်လည်ဖွဲ့စည်းကာ မေလ ၁ရက်မှစ၍ လေ့ကျင့်မှုကို စတင်ခဲ့ကြောင်း၊ အသင်းကို ယမန်နှစ်အသင်းမှ လူဟောင်း ၁၄ ယောက်ကို အခြေခံပြီး လူသစ်များအနေနှင့် တပ်မတော်ကြည်း(က)မှ မျိုးမြင့်ထွေး အပါအဝင် လေးယောက်၊ ပထမတန်းတွင်ကန်နေသည့် တပ်မတော်ကြည်း(ခ)မှ သုံးယောက်တို့ကို ထပ်မံအားဖြည့်ထားကြောင်း၊ အသင်းမှာလူဟောင်းအများစုပါဝင်ပြီး လူသစ်များသည်လည်း မိမိတို့အသင်းနှင့်မစိမ်း၍ ကစားကွက်အံဝင်မှုရှိသကဲ့သို့ စည်းလုံးညီညွတ်မှုလည်းကောင်း၍ အသင်းအနေဖြင့် အားရဖွယ်ရှိကြောင်း၊ သို့ဖြစ်ရာ အုပ်စုပထမရအောင်ကြိုးစားပြီး အမြင့်ဆုံးရောက်အောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

(က)အုပ်စုတွင် တစ်ပွဲစီကစားအပြီးတွင် သစ်တောရေးရာနှင့် ကာကွယ်ရေးတို့ပွဲဦးထွက် အနိုင်ရရှိထားပြီး တပ်မတော်ကြည်း(က)နှင့် ပတ္တမြားနဂါးတို့မှာ ရှုံးပွဲနှင့် ရင်ဆိုင်ထားကြရသည်။

ယနေ့ပွဲ

၃နာရီခွဲ

(အောင်ဆန်းကွင်း)

(ခ)အုပ်စု

ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး(က)။

(ကြေးမုံ)

ပွဲစဉ်အလိုက် အကောင်းဆုံးဆုရ ဌေးအောင်(ကာကွယ်ရေး)။

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ နောက်ဆုံးနေ့အဖြစ် ခင်းကျင်းပြသ

ရန်ကုန် ဩဂုတ် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကို ယနေ့နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ နောက်ဆုံးနေ့အဖြစ် ခင်းကျင်းပြသသည်။

ပြပွဲတွင် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို ကဏ္ဍအလိုက် ပြကွက်များခွဲခြား၍ စနစ်တကျ ခင်းကျင်းပြသထားသည်။

ပြပွဲနှင့်အတူ ပြပွဲလာပြည်သူများအား ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)(ဂီတဌာန)မှ ဆရာ၊ ဆရာမများနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(ထုတ်လုပ်ဌာနခွဲ)မှ အနုပညာရှင်များက မြန်မာ့ရိုးရာ တူရိယာပစ္စည်းများကို လက်တွေ့တီးမှုတ် သရုပ်ပြတင်ဆက်ကြသည်။

ပြပွဲသို့ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံခြားသားများအပါအဝင် ရဟန်းရှင်လူပြည်သူ ၇၅၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကျေးလက်ဆေးပေးခန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၂

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်ရှိ ခဲမဖြူကျေးရွာ၌ ဩဂုတ် ၃ရက် နံနက် ၉နာရီတွင် ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲကို ကျင်းပရာ ဖားဆောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟ၊ ဖားဆောင်းတပ်နယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဖားဆောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းလှိုင်နှင့် တာဝန်ရှိသူတို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

(၁၇၆)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲ(၂၀၁၂၉)ဆု ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂၂

(၁၇၆)ကြိမ်မြောက် ကျပ် ၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ စက်တင်ဘာ ၁ရက် နံနက် ၉နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ကျပ် ၅၀တန် ထီ(၁၇၆)ကြိမ်မြောက်တွင် အက္ခရာ ၃၇လုံး၊ ထီစာအုပ် ၃၀၂၇၂၆၆ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၃၀၀ဆုတစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၃၁ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၃ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၈၄ဆု၊ ငွေကျပ်ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ် လေးသိန်းဆု လေးဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၉ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ဆု၊ ငွေကျပ် ငါးသောင်းဆု ၁၇၁၀ဆု၊ ငွေကျပ် လေးသောင်းဆု ၄၇ဆု၊ ငွေကျပ် နှစ်သောင်းဆု ၃၂၃ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၂၉ ဆု ဖြစ်သည်။

ယခု (၁၇၆)ကြိမ်မြောက် ကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို စက်တင်ဘာ ၈ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေ သိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

● **ပရီမီယာလိဂ်မှ**

ဘော်လ်တန်ကို လေးဂိုးပြတ်နိုင်သော်လည်း အချိတ်အဆက်သာမန်သာရှိသည်။ ပထမပိုင်း တစ်ခုလုံး မကောင်းချေ။ ဒုတိယပိုင်း ခရစ်စီတီယာနိုရိုနယ်ဒိုနှင့် ဂျမ်ဘာတို့ဝင်လာမှ အချိတ်အဆက်နှင့် ကစားကွက်မိလာသည်။

ယခုနှစ်တွင် မန်ယူကစားကွက် ဆန်း၍လာသည်။ မြေပြင် ထိုးဖောက်ချက်ဖြင့် သွက်သွက်လက်လက် လှုပ်ရှားကစားသည်။ တိုက်စစ်ပုံစံတွင် နစ္စတယ်လ်ရွိုင်း တစ်ဦးတည်းကိုသာ ဦးစားပေး မကစားတော့ဘဲ ဆိုးလ်ရှားနှင့် ဂစ်(စ်)တို့သည်လည်း အဓိကတိုက်စစ်မှူးများအဖြစ် ကစားလာကြသည်။ နစ်ကီဘတ်နှင့် ပေါလ်စခိုးတို့သည် ကွင်းလယ်ဖန်တီးသူအဖြစ် တစ်လှည့်စီ တာဝန်ယူကြသည်။ အသစ်ဝင်လာသော ရီနယ်ဒိုနှင့် ဖော်လန်တို့သည် ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားကြသည်။ ဂျမ်ဘာသည် ကွင်းလယ်ခံစစ်သမားအဖြစ် တာဝန်ယူသည်။ မန်ယူသည် ဟန်သစ်၊ ပုံစံသစ်၊ ကစားကွက်အသစ်ဖြင့် ကစားလာသော်လည်း အားနည်းချက်များရှိသည်။ အချိတ်အဆက်မမိခြင်းနှင့် နောက်တန်းဘယ်အစွန်လူ ဖော်ကျွန်းနှင့် ဆီဗာစတားတို့ဘက်တွင် အားပျော့သည်။

နယူးကာဆယ်သည် လိဒ်စ်နှင့်ပွဲတွင် အချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့သည်။ စပီးရောဘတ်၊ ဘိုယာ၊ ဒိုင်ယာတို့သည် ဘယ်ညာမှ အတွဲညီညီဖြင့် ထိုးဖောက်ကစားကြသည်။ ရောဘတ်၊ စပီတို့၏ ဖန်တီးချက်ကို ရှီးယားက စောင့်၍ ဂိုးသွင်းတတ်သည်။ သို့သော် နယူးကာဆယ်၏ အားနည်းချက်မှာ နောက်တန်းမခိုင်ခြင်းဖြစ်သည်။ ထို့အပြင် ရှေ့တန်းထိုးဖောက်ကစားရာတွင် အားနည်းချက်ရှိသည်။ လိဒ်စ်နှင့်ပွဲခြေအရဆိုလျှင် နယူးကာဆယ်က မန်ယူကို အကြိတ်အနယ် ယှဉ်ကစားရမည်။ နှစ်သင်းစလုံး အလယ်တန်းကောင်းသည်။

လွန်ခဲ့သော လေးနှစ်အတွင်းမှာ မန်ယူနှင့် နယူးကာဆယ်တို့သည် ပွဲပေါင်း ရှစ်ပွဲ တွေ့ဆုံခဲ့ကြသည်။ မန်ယူက ငါးပွဲနိုင်ခဲ့သည်။ နှစ်ပွဲရှုံးပြီး တစ်ပွဲသရေကျသည်။

ယနေ့ကစားမည့်ပွဲတွင် နယူးကာဆယ်က မန်ယူကို သရေအထိ လိုက်ကစားနိုင်သည်။ မန်ယူက စိတ်ဓာတ်၊ ကစားကွက်သာသည်။

မန်စီးတီး-ပို့စ်မောက်

မန်စီးတီးက ချာလ်တန်ကို ပွဲဦးထွက်တွင် သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ထားသည်။ ပို့စ်မောက်ကလည်း ဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ပွဲဦးနိုင်ထားသော အသင်းများဖြစ်၍ ပွဲကောင်းဖြစ်မည်။ ပို့စ်မောက်သည် ယခုနှစ်မှ အတန်းပြန်တက်လာသော အသင်းဖြစ်သည်။ မန်စီးတီးက ယမန်နှစ်ဘောလုံးရာသီတွင် အဆင့်(၉) ရသည်။

မန်စီးတီးတွင် အသစ်ဝင်လာသော ဆီးမင်း၊ ထရီဗာ ဆင်ကလဲယား၊ မိုက်ကယ်တားနက်နှင့် လူဟောင်းများဖြစ်သော အနယ်လ်ကာ၊ ဖောင်လာတို့ ရှိကြသည်။ အသင်းမှာ ယခင်ကထက် ပိုတောင့်လာသည်။ အချိတ်အဆက်ကောင်းပြီး နားလည်မှုရှိသည်။ ပို့စ်မောက်အသင်းကလည်း ရှရင်ဂမ်၊ ဇစ်ကိုဗစ်၊ ဘာဂါတို့ကို အားဖြည့်ထားသည်။

ပို့စ်မောက်နှင့် မန်စီးတီးတို့သည် ယခင်ကတွေ့ဆုံဖူးသည်။ ၁၉၉၉ ဘောလုံးရာသီတွင် မန်စီးတီးက လေးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး နောက်ပွဲတွင် သရေကျသည်။ ၂၀၀၀ပြည့်နှစ်တွင် မန်စီးတီးက နှစ်ပွဲစလုံးနိုင်သည်။

မန်စီးတီးကွင်းတွင် ကစားမည်ဖြစ်သည်။ ပို့စ်မောက်က သရေဖြစ်အောင် ကြိုးစားရမည်။ မန်စီးတီးအဖို့ ရှုံးရန်အလားအလာ နည်းသည်။

ချယ်လ်ဆီး-လက်စတာ

လူသစ်များနှင့် အားဖြည့်ထားသော ချယ်လ်ဆီးသည် ပွဲထွက်မျက်နှာပန်းလှခဲ့သည်။ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ လက်စတာသည် ပထမတန်းမှ တက်လာသောအသင်း ဖြစ်သော်လည်း ဆောက်သမ်တန်ကို နှစ်ဂိုးစီသရေ ကစားထားသည်။ ယမန်နှစ်က အဆင့်(၈)ရှိသော ဆောက်သမ်တန်ကို သရေကစားသော လက်စတာ၏ခြေမှာ အဆင့်ရှိသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ချယ်လ်ဆီးက အဆင့်(၄)ရသည်။

ချယ်လ်ဆီးသည် လူသစ်များနှင့် အချိတ်အဆက်မိအောင် ကစားနေရသည်။ အတွဲအဖက် မမိသေးချေ။ ဂတ်ဂျွန်ဆင်တစ်ဦးတည်း ရှေ့တန်းတွင်ကစားစဉ်က ချယ်လ်ဆီး၏ တိုက်စစ်သည် အားပျော့သည်။ ဒပ်ဖ်၊ ဂျိုးကိုလ်၊ ဟင်ဆယ်ဘိန့်တို့ဝင်ရောက်လာမှ ရှေ့တန်းတိုက်စစ်ပို၍ မြန်ဆန်သွက်လက်လာသည်။ သို့သော် နားလည်မှုလိုသေးသည်။ ချယ်လ်ဆီးနောက်တန်းတောင့်သည်။ ကွင်းလယ်ကို ဗီရွန် ဦးဆောင်ကစားနိုင်သည်။ ယခုပွဲတွင် ချယ်လ်ဆီးသည် အချိတ်အဆက်၊ နားလည်မှု ပိုကောင်းလာဖွယ်ရှိသည်။ နေရာစုံ၊ ထောင့်စုံမှ ထိုးဖောက်အားရှိသည်။

လက်စတာသည် ယခုနှစ်မှ အတန်းပြန်တက်လာသောအသင်း ဖြစ်သည်။ ဆောက်သမ်တန်နှင့်ပွဲတွင် နောက်မှလိုက်ကစားရသော လက်စတာ၏ ခြေသည် ကြောက်စရာကောင်းသည်။ အသင်းသစ်များထဲတွင် လူအင်အားအပြည့်ဆုံးဖြစ်သည်။ ကစားသမားကိုးယောက် ဖြည့်ထားသည်။ လူသစ်များနှင့် ပွဲထွက်လာသော အသင်းချင်းတူသော်လည်း လက်စတာခြေက နိမ့်၍နေသေးသည်။

နှစ်သင်းတွေ့ဆုံဖူးသည့် အနေအထားအရ ချယ်လ်ဆီးက နိုင်ပွဲများသည်။ ၁၉၉၈မှ ၂၀၀၂ခုနှစ်အတွင်း တွေ့ဆုံသောပွဲများတွင် ချယ်လ်ဆီးက လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးခဲ့သည်။ ယခုပွဲတွင် ချယ်လ်ဆီးနိုင်ခြေရှိသည်။

တနင်္ဂနွေနေ့ပွဲစဉ်များ

ဩဂုတ် ၂၄

လီဗာပူး-အက်စတွန်ဗီလာ

ပွဲဦးတွင် လီဗာပူးက ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သည်။ ဗီလာကလည်း ယခုနှစ်မှ တန်းတက်လာသည့် ပို့စ်မောက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ အရှုံးနှစ်သင်း ကစားမည့်ပွဲဖြစ်သည်။ လီဗာပူးသည် ယမန်နှစ်က အဆင့်(၅)ရသည်။ ဗီလာက အဆင့်(၁၆)ဖြစ်သည်။

လီဗာပူးသည် ချယ်လ်ဆီးကို ရှုံးသော်လည်း ကစားပုံကောင်းသည်။ ရှေ့၊ လယ်၊ နောက်သင့်သည်။ အချိတ်အဆက်မိသည်။ အိုဝင်၊ ဟတ်စကီးတို့ဆီသို့နောက်တန်းမှ ဒေါင်လိုက်ဖြတ်ပေးသော ဘောလုံးများသည် ပြိုင်ဘက်ကို အန္တရာယ်ဖြစ်စေသည်။ ဆီနီဂေါမှ ဒီအော့(ဖ်)၏ ဘယ်ခြမ်းမှနောက်ချက်ကလည်း ကောင်းသည်။ ကီးဝဲလ်နှင့် ဂျရတ်တို့၏ ဖန်တီးပေးချက်များသည် လီဗာပူးအတွက် ဂိုးများဖြစ်စေသည်။

ပို့စ်မောက်နှင့်ပွဲတွင် ဗီလာခြေညံ့သည်။ ရှေ့တန်းက ဦးဆောင် ဂိုးမသွင်းနိုင်သောကြောင့် ရှုံးရခြင်းဖြစ်သည်။ အိမ်ကွင်းပရိသတ်ရှေ့တွင် ဗီလာအားထည့်ကစားလိမ့်မည်။

လေးနှစ်တာအတွင်းမှာ လီဗာပူးက ဗီလာကို လေးပွဲနိုင်ခဲ့ဖူးသည်။ သုံးပွဲသရေကျပြီး တစ်ပွဲရှုံးခဲ့သည်။ အကယ်၍ ဗီလာက လီဗာပူးကို သရေကျအောင် ကစားနိုင်မည်ဆိုလျှင် ပရိသတ်က သဘောကျလိမ့်မည် ဖြစ်သည်။ လီဗာပူးကလည်း သုံးမှတ်မရရအောင် ကြိုးစားယူပေလိမ့်မည်။

အာစင်နယ်-မစ်ဒယ်လ်ဘာရိုး

အာစင်နယ်သည် အဲဗာတန်ကို ပွဲဦးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ပွတ်ကာသီကာနိုင်သည်။ မစ်ဒယ်လ်ဘာရိုးက ဖူလ်ဟမ်ကို နှစ်ဂိုး-သုံးဂိုးဖြင့်ရှုံးသည်။ နိုင်-ရှုံးအသင်းတို့ ကစားမည့်ပွဲဖြစ်သည်။ ပြီးခဲ့သော ရာသီတွင် အာစင်နယ်က ဒုတိယရပြီး မစ်ဒယ်လ်ဘာရိုးက အဆင့်(၁၁)ရသည်။ နာမည်ကြီးအသင်းများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီးတို့နှင့် နှိုင်းယှဉ်လျှင် အာစင်နယ်အသင်းသည် ခြေအငြိမ်ဆုံးအသင်းဖြစ်သည်။ လူဟောင်းများနှင့် အချိတ်အဆက်မိမိ၊ နားလည်မှုရှိရှိ၊ စုစည်းမှုကောင်းကောင်းဖြင့် ကစားနိုင်သည်။ ပွဲဦးထွက်တွင် အဲဗာတန်ကို စိတ်ကြိုက် ကစားသွားသည်။ ချယ်ရတီဒိုင်းပွဲထက် ပို၍ကောင်းသည်။ ဗီအယ်ရာဒူးဒဏ်ရာ ပြန်ကောင်းလာသောကြောင့် ကွင်းလယ်ကစားကွက် မြိုင်လာသည်။ သွက်လက်လာသည်။ အဲဗာတန်နှင့်ပွဲတွင် အဓိက လှုပ်ရှားကစားခဲ့သည်။ ကင်းဘဲလ် ပွဲပယ်ခံထားရသောကြောင့် နောက်တန်းအားပျော့ဖွယ်ရှိသည်။ သို့သော် အသစ်ဝယ်လိုက်သော ဂျာမန်ဂိုးသမားက အားထားရသည်။

မစ်ဒယ်လ်ဘာရိုး၏ ရှေ့တန်းတွင် ဂိုးသွင်းခြေရှိသူ နီမက်တစ်ယောက်သာရှိသည်။ မက်ကရိုနီနှင့် အီဟိုရှုးတို့မှာ ဒဏ်ရာရနေကြသည်။ ရှေ့တန်းနှင့် နောက်တန်းတွင် အားနည်းလျက်ရှိသည်။ မိမိကွင်းဆိုသည့် စိတ်ဓာတ်ဖြင့် အာစင်နယ်ကို ခံကစားရန်သာရှိသည်။ လက်ရှိအနေအထားအရ အာစင်နယ်နှင့် ခြေကွာသည်။ သို့သော် မစ်ဒယ်လ်ဘာရိုးသည် အိမ်ကျယ်အသင်းဖြစ်သည်။

လွန်ခဲ့သော လေးနှစ်တာကာလအတွင်း တွေ့ဆုံသည့်ပွဲများတွင် မစ်ဒယ်လ်ဘာရိုးသည် နှစ်ပွဲသာနိုင်ခဲ့ဖူးသည်။ ခြောက်ပွဲရှုံးသည်၊ အာစင်နယ်နိုင်ရန် ရာခိုင်နှုန်းများလျက်ရှိပေသည်။ ॥ **(ကြေးမုံ)**

ပြည်နယ်နှင့်တိုင်း ဒေသတစ်ဝန်း တည်ဆောက်ရေး လုပ်ငန်းမှတ်တမ်း

ဂျိုင်း (ဇာသပြင်)တံတား၏ ညအလှ

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေါင်းကူးပေးသည့် အလျား ပေ ၂၉၀၀ ရှိသည့် ဂျိုင်း(ဇာသပြင်) တံတားကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုတစ်ဝန်းသို့ ဤတံတားကြီးကို ဖြတ်သန်း သွားလာနိုင်ကြပြီဖြစ်သည်။ (အပေါ်ပုံတွင် ဂျိုင်း (ဇာသပြင်)တံတားကြီးကို ညအလှ ရောင်စုံမီးရောင်များဖြင့် ဤသို့ မှတ်တမ်းတင်ထားခဲ့သည်။) *(ဓာတ်ပုံမှတ်တမ်း-ရွှေအင်းသားခင်မောင်ဝင်း)*

ဓာတ်ပုံ မှတ်တမ်း	ရွှေအင်းသားခင်မောင်ဝင်း ခရမ်းစိုးမြင့်(ကြေးမုံ) နှင့် စိုက်ပျိုးရေး

အဆင့်မြင့်ပညာသင်နိုင်ကြပြီ

ပြည်ထောင်စုကြီး၏ ဘူမိနက်သန် ပင်လုံတက္ကသိုလ်ကြီးတွင် ဒေသခံတိုင်းရင်းသားရင်သွေးလူငယ်များ ဤကဲ့သို့ ကွန်ပျူတာဘာသာရပ်ဆိုင်ရာ အဆင့်မြင့် ပညာများကို ကိုယ်တိုင်ကိုင်တွယ် ပညာသင်ကြားခွင့်ရရှိနေကြသည်။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်(ကြေးမုံ)]



မြစ်ငယ် တွဲပြင်စက်ရုံ

မြန်မာ့မီးရထား မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံတွင် တွဲလမ်းပြောင်းစက်ကြီးများဖြင့် စက်ရုံအတွင်း ရထားတွဲ အစိတ်အပိုင်းများကို ဤသို့ ပို့ဆောင်ပေးသည်မှာ ...။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်(ကြေးမုံ)]



ဥမင်ကိုးပေါက်မြစ်ရေတင်လုပ်ငန်း

မကွေးတိုင်း ချောက်ဒေသ စလေနယ်ရှိ ဥမင်ကိုးပေါက် မြစ်ရေတင်စီမံကိန်းမှ ရေပေါ်တင်စက်ရုံနှင့် ရေတင်ပိုက်တို့မှတစ်ဆင့် စိုက်ပျိုးရေ ပို့လွှတ်ပေးဝေနိုင်ပေပြီ။ (ဝဲပုံ)*(ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)*

❒ **ဆန်စပါးမှ**

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးအတွက် အဓိကကျသော ရေရရှိရေးကိုလည်း ၂၀၀၃ခုနှစ်ဇွန်၂၄ ရက်က ဖွင့်လှစ်ခဲ့သည့် ရန်အောင်မြင် ရေလှောင်တမံ အပါအဝင် ယခုအခါ နိုင်ငံတော်တစ်ဝန်း ဆည်မြောင်းတာတမံပေါင်း ၁၅၀ကို တည်ဆောက်ဖွင့်လှစ် ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆည်မြောင်းတာတမံများအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကျပ် သန်းပေါင်း ၆၃၄၀၀ ကျော် ကျခံသုံးစွဲခဲ့သည်။ ထို့အပြင် ရေတင်လုပ်ငန်းပေါင်း ၂၆၅ ခုနှင့် ရေထိန်းတံခါး ၁၁ ခုတို့ကိုလည်း အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်သည်။

အကျိုးပြု

ဆည်မြောင်း တာတမံများ တည်ဆောက်ပေးခဲ့သည့်အတွက် အကျိုးရလဒ်အဖြစ် လယ်မြေဧကပေါင်း နှစ်သန်းကိုးသောင်းကျော် သုံးသန်းနီးပါး အကျိုးပြု လျက်ရှိနေပြီဖြစ်သည်။ **အညာဒေသမှ ယာမြေများသည်လည်း လယ်ယာမြေအဖြစ် ပြောင်းလဲလာသည်**။ သို့ဖြစ်၍ နိုင်ငံတော်တစ်ဝန်း၌ အသားတင်စိုက်ပျိုးသည့် ဧရိယာဧက ၂၆သန်းကျော်ထိ တိုးတက်လာခဲ့သည်။ ရေသွင်းစိုက်ပျိုးနိုင်မှုပမာဏမှာလည်း ၁၉ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိနေကြောင်း သိရသည်။

ဟန်ချက်ညီညီ

နိုင်ငံတော်၏ အမာခံသီးနှံ၊ နိုင်ငံသားတို့၏ အဓိကရိက္ခာဖြစ်သည့် ဆန်စပါးကို မြေ၊ ရေ၊ စက်စွမ်းအား၊ မျိုးနှင့် ခေတ်မီနည်းပညာများကို အထက်နှင့်အောက် အပြန်အလှန် အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီ ပေါင်းစပ် ကျင့်သုံးနိုင်မှုကြောင့် တစ်နိုင်ငံလုံး၏ စပါးစိုက်ပျိုးထုတ်လုပ်မှုများကို လေ့လာကြည့်ပါက ၁၉၉၃-၁၉၉၄ ခုနှစ်တွင် တင်း ၈၃သန်း၊ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် တင်း ၈၇၂ သန်း စသည်ဖြင့် တင်းသန်း ၈၀၀ ကျော် ဖြစ်လာခဲ့သည်။ ထိုမှတစ်ဆင့် ၂၀၀၀-၂၀၀၁ ခုနှစ်မှစ၍ တင်း၁၀၂၂သန်းကျော်အထိ တိုးမြင့်ထွက်ရှိလာသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တင်းသန်း ၁၀၅၀၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် တင်းသန်း ၁၀၇၀ ခန့် စသည်ဖြင့် နှစ်စဉ် စပါးအထွက်တိုးတက်လာသည်ကို တွေ့မြင်သိရှိနေရပေသည်။

တိုးချဲ့စိုက်ပျိုး

စပါးအထွက်တိုးစေရေးအတွက် မိုးစပါးအပြင် နွေစပါးကို ၁၉၉၂-၁၉၉၃ခုနှစ်မှစ၍ သီးထပ်စပါးအဖြစ် နွေစပါးကို နိုင်ငံတစ်ဝန်း၌ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ ရေကြီးကွင်း၊ ရေနက်ကွင်းနှင့် ပလပ်မြေများ မကျန် စပါးစိုက်ပျိုးထုတ်လုပ်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံတော်အတွက် စပါးစိုက်ပျိုး ထုတ်လုပ်ရာတွင် ဧရာဝတီတိုင်းသည် လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးထုတ်လုပ်ပေးနေသည့်အတွက် နိုင်ငံတော် အကြီးအကဲကိုယ်တိုင် ဧရာဝတီတိုင်း စပါးစိုက်ပျိုးမှု အောင်မြင် ဖြစ်ထွန်းစေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက် ရှိနေသည်။ ၂၀၀၃ခုနှစ် ဇွန် ၇ ရက်က ဧရာဝတီတိုင်းသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောက်ရှိစဉ်က တိုင်းအတွင်းရှိ တာဝန်ရှိသူများအား မှာကြားရာတွင်-

ဧရာဝတီတိုင်း၏ လက်ရှိ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်မည်ဆိုလျှင် နိုင်ငံတော်၏ စပါးအထွက်မှာ တင်းသန်း၁၂၀၀ထိ အမှန်တကယ် တိုးတက် ထွက်ရှိသွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ လက်ရှိစပါးအထွက်မှာ တင်းသန်း ၁၀၀၀ ကျော်ခန့်မှာပင် ရစ်ဝဲပြီးတန့်နေကြောင်း၊ ထိုးဖောက်လုပ်ကိုင်ခြင်းဖြင့် တင်းသန်း ၁၂၀၀ ထွက်ရှိအောင် လုပ်ကြရမှာဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်သည် လာမည့်အနာဂတ်ကာလတွင် အမျိုးသားအကျိုးစီးပွား ခိုင်မာတောင့်တင်းစေရေးနှင့် တိုးတက်လာမည့် နိုင်ငံသူ၊ နိုင်ငံသား လူဦးရေအချိုးအစားများနှင့်အညီ စားနပ်ရိက္ခာပြည့်စုံဖူလုံစေရေးအတွက် အမြော်အမြင်ကြီးမားစွာ လမ်းညွှန်မှာကြားခြင်းဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍကို မိရိုးဖလာနည်းလမ်းများမှ တစ်ဆင့်တက်ပြီး ခေတ်မီနည်းစနစ်များဖြင့် မြှင့်တင် ဖော်ဆောင်လျက်ရှိနေပေသည်။ တစ်နည်းဆိုရသော် **လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုအခြေအနေကို တစ်ဆင့် မြှင့်တင်ရန်** မဖြစ်မနေ၊ မလွဲမသွေဖြစ်မြောက်အောင် တောင်သူလယ်သမား တစ်ဦးချင်းက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အသိနှင့်ယှဉ်လျက် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရောင်းဝယ်ခွင့်

နိုင်ငံတော်အစိုးရအနေဖြင့် အခြေအနေနှင့်အချိန်အခါကို ဆက်စပ်လျက် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိရာ နှစ်ပေါင်း ၄၀ ကျော် ကာလအတွင်း သတ်မှတ်နှုန်းထားများဖြင့် တာဝန်ကျေစပါး တစ်ဧကလျှင် ကိုးတင်းမှ ၁၂တင်းထိ တောင်သူတို့က ရောင်းချခဲ့ရသော်လည်း လာမည့်နှစ်တွင် နိုင်ငံတော်မှ မဝယ်ယူတော့သည့်အပြင် စပါးစိုက်တောင်သူများ လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပေးထားပြီးဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် ဘယ်ခေတ်တွင်မှ မရရှိခဲ့သည့် အခွင့်အရေးများနှင့်အတူ စပါးစိုက်ဧကတိုးချဲ့ရေး၊ တစ်ဧကချင်းအထွက်တိုးရေးတို့အတွက် လိုအပ်ချက်အသီးသီးကို နိုင်ငံတော်မှ အစွမ်းကုန်ပံ့ပိုးဖြည့်ဆည်းပေးနေချိန်တွင် အခွင့်သာ၍ အချိန်ရှိခိုက် လုံ့လစိုက်ထုတ်လျှင် **ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ**ဟူသည့် ဆောင်ပုဒ်နှင့်အညီ နှစ်ဆတိုးပြီး အလုပ်လုပ်ကြမည်ဆိုပါက နှစ်စဉ်စပါးအထွက်နှုန်း တိုးတက်လာမည်မှာ သေချာနေပြီဟု ဆိုချင်ပါသည်။ ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ်များကြီးကြပ်ရေးကော်မတီ အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိ) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

(ဘဏ္ဍာ/အခွန်)

တရားမဝင်နည်းလမ်းဖြင့် ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတို့ကို တိကျစွာ လိုက်နာဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၂

ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်းဆင်းပွဲကို ယနေ့ညနေ ၃နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ ဘဏ်များအသင်း နာယက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသားများ တက်ရောက်သည်။

တိကျစွာဆောင်ရွက်

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ယခုကဲ့သို့ ဘဏ်ဝန်ထမ်းများ စွမ်းဆောင်ရည် တိုးတက်လာစေရေးအတွက် သင်တန်းများဖွင့်လှစ်ပြီး သင်ကြားပေးခြင်းအားဖြင့် ဘဏ်လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု ပိုမိုရှင်သန်ဖွံ့ဖြိုးတိုးတက်လာရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချပေးခဲ့သော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအမျိုးမျိုး၊ စာရင်းကိုင်နှင့် စာရင်းစစ်ဘာသာရပ်များ၊ တရားမဝင်နည်းလမ်းဖြင့် ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတို့ကို လက်တွေ့ဆောင်ရွက်ရာ၌ တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘဏ်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းက အမှာစကား ပြောကြားပြီးနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ထူးချွန်သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းကို ဇွန် ၂၃ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း သင်တန်းသား ၆၂ဦး တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ICT အဆင့်မြင့် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Myanmar Economic and Management Institute (MEMI) တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ITပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Advance ICT Professional Training Course သင်တန်းကို စက်တင်ဘာလတွင် ဖွင့်လှစ်သင်ကြား မည်ဖြစ်သည်။

သင်တန်းသား၊ သင်တန်းသူ ၃၀ဦးသာ လက်ခံသင်ကြားမည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း- ၇၀၇၅၀၃နှင့် ၆၅၂၂၃၈တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကျေးရွာအုပ်စု လယ်သမားကြီး ဦးညွန့်ဝင်း၏ စပါးစိုက် ဧက ၆ ဒသမ ၀၅ ဧကရှိ မိကျောင်းတရာကွင်း၌ စတင်စိုက်၍ အောက်တိုဘာလတွင် ပန်းပွင့်ပြီး နိုဝင်ဘာလ၌ ရိတ်သိမ်းရသည့် ဥဿာမွှေး အမျိုးအစား စပါးမစိုက်ပျိုးမီ လယ်ထွန်စက်ဖြင့် ထွန်းယက်နေစဉ်။

[ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)]

အီလက်ထရွန်းနစ် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

အောင် အီလက်ထရွန်းနစ်သင်တန်းမှ စိတ်ဝင်စားသော လူငယ်များအတွက် အခြေခံရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်များကို တပ်ဆင်ပြုပြင်နိုင်ရန် အဆင့်မြင့် TV, VCR, VCD များကို စနစ်တကျ သင်ကြားပေးမည်။ ဆရာဦးအောင်ခိုင်က တစ်ဦးချင်း အနီးကပ် သင်ကြားပေးပြီး စာတွေ့ထက် လက်တွေ့ကို ဦးစားပေး သင်ကြားပေးလျက်ရှိသည်။ သင်တန်း တန်းခွဲသစ်ကို ဩဂုတ်၂၈ရက်တွင် ဖွင့်လှစ်သင်ကြား မည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများသည် အောင်အီလက်ထရွန်းနစ်သင်တန်း အမှတ် (၄၄) ကျောက်မြောင်းလမ်း ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်းမှတ်တိုင် အနီး တာမွေမြို့နယ် ရန်ကုန် ဖုန်း-၅၄၀၁၂၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်္ဂလိပ်လိုရေးမြန်မာ့အကြောင်း လုံးချင်းဆောင်းပါးဝတ္ထု

ရန်ကုန် ဩဂုတ် ၂၂

အင်္ဂလိပ်လိုရေးစာအုပ်စိတ်ဝင်စားသူများအတွက် Kyawt Maung Maung Nyunt ၏ အင်္ဂလိပ်လိုရေး Myanmar Thoughts အတွေးအခေါ် ဆောင်းပါးဝတ္ထုငါးအုပ်မြောက်ကို သွယ်သွယ်သန်းစာပေ (၂၁၇) ကျိုက္ကဆံလမ်း တာမွေ ဖုန်း-၅၅၅၈၉၃ က ရောင်းဈေး ကျပ်တစ်ထောင်ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။**(ယာပုံ)**

(က-ပ)



ခုနစ်ရက်စခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၂

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ မဟာသစ္စကာရီကမ္မဋ္ဌာန်းကျောင်းတိုက်၌တေဇစက္ကိ ဆရာတော်၏ ဥပနိဿရအတိုင်း စက်တင်ဘာ ၃ ရက်မှ ၉ ရက်ထိ တေဇစက္ကိဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲတွင်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ စက္ကိန္ဒာစာရ (မြောင်းမြ) ဆရာတော်က သစ္စာတရားများကိုဟောကြားမည်ဖြစ်၍ ယောဂီများ စက်တင်ဘာ၂ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နိုးဆော်ထားသည်။ **(က-ပ)**

ဩဂုတ် ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေး၊ လှိုင်သာယာမြို့နယ် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပဒံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြည်သို့ နိုင်ငံသားအရည်အချင်း ပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(က-ပ)

ရန်ကုန် သမဝါယမဒီဂရီကောလိပ်မှ ဦးစီး အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

သမဝါယမဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်)က ဦးစီးဖွင့်လှစ်ပြီး ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များ ပူးပေါင်းသင်ကြားပေးမည့် Diploma in Computer Studies နှင့် Diploma in English သင်တန်းများကို စက်တင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ Certificate in Computerized Accounting Course နှင့် Certificate in English Proficiency Course သင်တန်းများကို စက်တင်ဘာ ၁၃ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

Diploma Course များကို တနင်္လာနေ့မှ သောကြာနေ့အထိ အချိန်ပြည့် သင်ကြားပေးပြီး Certificate Course များကို စနေနေ့နှင့် တနင်္ဂနွေနေ့များတွင်သာ သင်ကြားပို့ချပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းများကို ဗဟန်းမြို့နယ်ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ ဆရာစံပလာဇာ (တတိယထပ်)တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်သင်ယူလိုသူများသည် ဆရာစံပလာဇာရှိ သင်တန်းခန်းမနှင့် ဖုန်း-၅၄၂၈၁၅နှင့်၅၄၅၀၆၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဩဂုတ် ၂၁ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင် မကွေးတိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (လဝက)

ဩဂုတ် ၁၆ရက်က ရန်ကင်းမြို့နယ် ပြည်သာယာရွှေပြည်ဟိန်း ကျန်းမာရေး ယာဉ်အလှူအသင်းအတွက် ရုပ်ရှင်သရုပ်ဆောင် ဦးကျော်ဟိန်း - ဒေါ်သန်းနွယ်အေး မိသားစုက အလှူတော်ငွေ ကျပ်သုံးသိန်းကို လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်အရှင်ခေမာသီရိလင်္ကာရက လက်ခံတော်မူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကွန်ပျူတာ တေးဂီတဖန်တီးမှု အနုပညာသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၂

Shalom Computer Centre နှင့် Eternity Studio (W.Aung Li)တို့ ဦးစီး၍ လက်တွေ့အသုံးချ အခြေခံ အသံဖမ်းနည်းပညာ၊ Computer ဖြင့် တေးဂီတဖန်တီးခြင်း နည်းပညာသင်တန်း တန်းခွဲ(၁)တွင် တက်ရောက်ခွင့် မရရှိသူများအတွက် တန်းခွဲ(၂)ကို စက်တင်ဘာ ၃၀ရက်တွင် ထပ်မံ၍ ဖွင့်လှစ်မည်ဖြစ်သည်။သင်တန်းတွင် အသံအခြေခံ၊ Mic & Instrument, How to use Mixer, How to use Amplifier, How to use Recorder, Cake Walk Pro Audio Version 9.0, Logic Audio နှင့် Wave Lab Version 4.0 Software တို့နှင့် တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းချိန်မှာ စနေနေ့နှင့် တနင်္ဂနွေနေ့ ညနေ ၅နာရီမှ ၇နာရီထိဖြစ်ပြီး သင်တန်းကာလမှာ လေးလဖြစ်သည်။ စိတ်ဝင်စားသူများသည် အမှတ်(၄၆၈) ဒုတိယထပ်(ညာ) အောက်ကြည့်မြင်တိုင် လမ်းမကြီး သီတာရုပ်ရှင်ရုံအနီး ကြည့်မြင်တိုင်မြို့နယ် ဖုန်း-၂၁၂၂၀၈နှင့် Eternity Studio ဖုန်း - ၂၂၀၄၃၃တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

Hightech Princess Int'l Co.,Ltd. မှ ကြီးမှူး၍ နိုင်ငံတကာက အသိအမှတ်ပြု တက္ကသိုလ်များမှ မြန်မာနိုင်ငံတွင် တိုက်ရိုက်ချီးမြှင့်မည့် Certificate, Diploma, Degree များအကြောင်း ဟောပြောပွဲကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက ပြည်လမ်းရှိ Intrenational Business Center (IBC)၌ ကျင်းပသည်။

ရှေးဦးစွာ Hightech Princess Int'l Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်တင်တင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Mr.Saw Lean Joo, The Director & Represents Cambridgeshire University Malaysia မှ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Mr.Leong A Sam The Director & Represents Cambridgeshire University Asia, Pacifie မှ Cambridgeshire University နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

Hightech Princess Int'l Co.,Ltd. မှ အစီအစဉ်သစ်အရ MBA, BBA, M.Sc(IT)ပညာရပ်များကို Distance Learning ပုံစံဖြင့် မြန်မာနိုင်ငံ၌ သင်ယူနိုင်မည်ဖြစ်သည်။ တက်ရောက်သင်ကြား လိုသူများသည် ဖုန်း-၅၅၈၇၉၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု အလုပ်နှင့်ထောင်ဒဏ်နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဩဂုတ် ၂၂

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များ၊ မန္တလေးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် မေ ၄ရက်တွင် သတင်းအရ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်နေ ထွန်းရှင်(ခ)ကိုကိုဦး၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အောက်ထပ်ရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းကြားနေ ဦးသန်းမောင်၏သား ထွန်းရှင်(ခ)ကိုကိုဦးအား မန္တလေးအမှတ်(၁၁)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုကို မန္တလေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၁ရက်တွင် တရားရုံးက တရားခံထွန်းရှင်(ခ)ကိုကိုဦးအားမူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရနှင့် မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)/၂၃အရ အလုပ်နှင့် ထောင်ဒဏ် နှစ်အကန့်အသတ်မရှိကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

ဩဂုတ် ၁၃ရက်က မန္တလေးမြို့ ဘူတာကြီးဝင်းအတွင်း ပစ္စည်းများ အပ်နှံနေရာမှပလတ်စတစ်ပုံးအတွင်း ထည့်သွင်းထားသည့် ဘိန်းစိမ်း ၁၄ ဒသမ၁၃ကီလိုကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိစဉ်။ (သတင်းစဉ်)

အုတ်တွင်းမြို့ ဇမ္ဗူလုံး‌ဧ ဆုတောင်းပြည့်စေတီတော် ပထမအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးတိုင်း အုတ်တွင်းမြို့ ဈေးကျောင်းတိုက်တွင် တည်ထားပူဇော်လျက်ရှိသော ဇမ္ဗူလုံး‌ဧ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၅ရက် မွန်းတည့်၁၂နာရီက ဈေးကျောင်းတိုက် ပဋ္ဌာန်းဓမ္မာရုံတွင် ကျင်းပသည်။

တက်ရောက်ကြည်ညို

အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲသို့ ပဓာနနာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိလောကအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး စေတီတော် တည်ထားပူဇော်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် သာသနာရေးဦးစီးမှူး ဦးသန်းဝင်းနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ဆပ်ကော်မတီဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသီးသီးမှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ပြီး ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိလောကထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူသည်။

လျှောက်ထား

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေစန်းက သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားသည်။

ရေစက်သွန်းချ

ဆက်လက်၍အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲပြုလုပ်ရာ တစ်ဦးချင်းအလှူရှင် ၇၁ဦး၊ ဌာနဆိုင်ရာ ၁၆ခုနှင့် ရပ်ကွက်ကျေးရွာအုပ်စု ၃၃အုပ်စုတို့မှ အလှူတော်ငွေ စုစုပေါင်း ၃၆၃၆၇၆၅ကျပ်ကို ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းကြပြီး ကောင်းမှုကုသိုလ်အစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကုန်ကျမည်

စေတီတော် မြတ်ကြီးမှာ အရံစေတီကိုးဆူ၊ ရုပ်ပွားတော်ကိုးဆူပါဝင်၍ ဉာဏ်တော် ၂၇တောင် တစ်မိုက်ရှိပြီး ငွေကျပ်သိန်း ၁၅၀ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ (၂၉၄)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

ရွှေသာယာ WAGON မော်တော်ယာဉ်ထုတ်လုပ်ရေးအတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။	စက်ရုံမှူး	ကျား(၁)ဦး
၂။	ဒု-စက်ရုံမှူး	ကျား(၁)ဦး
၃။	ကြီးကြပ်ရေးမှူး	ကျား(၂)ဦး
၄။	မော်တော်ယာဉ်ကိုယ်ထည်လုပ်ငန်းကျွမ်းကျင်သူ	ကျား(၂၅)ဦး
၅။	ကားကြီး၊ကားလေးဖရိန်ပိုင်းဆိုင်ရာကျွမ်းကျင်သူ	ကျား(၁၅)ဦး
၆။	ဆေးမှုတ်ကျွမ်းကျင်သူ	ကျား(၅)ဦး
၇။	ယာဉ်မောင်း	ကျား(၂)ဦး

အမှတ်စဉ်(၁+၂) - B.E(Mechanical) အောင်မြင်ထားသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည့်အပြင် အသက်(၃၆)နှစ် အထက်ဖြစ်ရမည်။ ကားအတွေ့အကြုံရှိသူအား ဦးစားပေးမည်။

အမှတ်စဉ်(၃) - A.G.T.I.(Machine Tools) အောင်မြင်ထားသူဖြစ်ပြီး မော်တော်ယာဉ်ဒီဇိုင်းပုံစံနှင့် စက်ပစ္စည်းအစိတ်အပိုင်း ဒီဇိုင်းပုံစံထုတ်ခြင်းများ ဆောင်ရွက်နိုင်ရမည်။ တွင်ခုံနှင့် ဂဟေဆက်ခြင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

အမှတ်စဉ်(၄) - မော်တော်ယာဉ်ကိုယ်ထည်အစိတ်အပိုင်းအားလုံးကို ပုံစံထုတ်သည့်အတိုင်း ကျွမ်းကျင်စွာ ထုလုပ်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၅) - ဖရိန်ပိုင်းဆိုင်ရာ ဂဟေဆက်ခြင်းကျွမ်းကျင်သူဖြစ်ရမည်။

အမှတ်စဉ်(၆) - ကားကြီး၊ကားလေးကို ကျွမ်းကျင်စွာ ဆေးမှုတ်နိုင်သူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ (၁) လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်ရာ လုပ်ငန်းအတွေ့အကြုံရှိသူအငြိမ်းစားများ စိတ်ပါဝင်စားပါက လျှောက်ထားနိုင်ပါသည်။
(၂)နယ်မှလျှောက်ထားသူများ ခန့်ထားခြင်းခံရပါက နေထိုင်ရေးအခက်အခဲရှိလျှင် စီစဉ်ပေးမည်။

မိဘကျေးဇူးကုမ္ပဏီလီမိတက်
တိုက်အမှတ်(၃၄)၊ အခန်း(A)၊ ကမ္ဘာအေးစေတီလမ်း၊
သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(နှင်းဆီကုန်းဘိုးဘွားရိပ်သာအနီး)။

'မဟာရာဇာ' MAHARAJA Indian Specialty Restaurant

HALLAL

အိန္ဒိယနိုင်ငံမှ ကျွမ်းကျင်သော စားဖိုမှူးများ၏ စီမံကွပ်ကဲမှုဖြင့် ချက်ပြုတ်သော အရသာစစ်၊ အရသာမှန် အိန္ဒိယဟင်းလျာများနှင့် အစားအစာများကို အထူးချိုသာသော နှုန်းထားများဖြင့် အေးမြသော ခန်းမဆောင်အတွင်း လာရောက်သုံးဆောင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါရစေ -- ။

'Maharaja'

ATT ရန်ကုန်မြို့၊ ☎: 720126, 256542, 256543 Fax: 256889

"ချစ်ခြင်းရင်ခုန် ယုံကြည်စွာဖြင့်" ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တင်ဆက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဩဂုတ် ၂၂

ယခုသောကြာပတ်တွင် ဒါရိုက်တာလွင်မင်း၏ **ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တင်ဆက်ပြသသည်။

ဘရက်ဇီရုပ်ရှင် ဝတ္ထုဇာတ်ညွှန်းနီကိုရဲ၊ သရုပ်ဆောင် ဒွေး၊ အိန္ဒြာကျော်ဇင်၊ ရီဝေယံ၊ တင့်တင့်ထွန်းနှင့် နှင်းဝတ်ရည်သောင်းတို့ ပါဝင်ကြသည်။

မရိုးနိုင်သော တက္ကသိုလ်မေတ္တာဘွဲ့ဇာတ်လမ်းတစ်ပုဒ်ဖြစ်၍ ဇေ၊ ချိုသဲကြည်၊ မြမိုးအိမ်၊ နှင်းရည်လွင် စသော လူငယ်တစ်သိုက် တွေ့ဆုံမိကြရင်း ရင်ခုန်မှု၊ ယုံကြည်မှု၊ စာနာမှုတို့ဖြင့် မေတ္တာတရား၏ အေးမြချိုမြိန်ပုံကို ရှင်မြူးစွာ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဆက်လက်၍ ဒါရိုက်တာအိအိခိုင်ရိုက်ကူး၍ လွင်မိုး၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သော **နှစ်ယောက်မရှိဘူး** ဇာတ်ကားမှာ ရွှေ့ဆောင်နှင့် နဝဒေးရုံများတွင် ပြသနေသည်။

နေပြည်တော်ရုံတွင် ဒေးဗစ်ချန်းပါဝင်သော TUX-EDO အက်ရှင်ဇာတ်မြူး ဆက်လက်ပြသနေသည်။

ယခုသောကြာပတ်တွင် ရွှေဂုန်ရုံ၌ MAN's BEST FRIEND သိပ္ပံဇာတ်ကား ရုံတင်ပြသသည်။ တိရစ္ဆာန်နှင့် လူသားတို့အား ဆေးပညာစမ်းသပ်တီထွင်မှုဖြင့် အန္တရာယ်ဖြစ်လာမှုကို စိတ်ဝင်စားစရာ တင်ပြထားသော ဇာတ်ကား ဖြစ်သည်။

ဆက်လက်၍ မြို့မရုံတွင် HUM KI SI SE KUM NAHIN အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ပြသဆဲရှိသည်။ ဆန်ဂျေးဒတ်၊ အာဂျေး၊ဒေဝမ်ခန်းနှင့် အိုက်ခရီးဝါယာရိုင်းတို့ အပြိုင်အဆိုင် သရုပ်ဆောင်ကြသည်။

ဆုထူးပန်ရုံ၌ ဂိုသစ်ရောရှန်းနှင့် အမီနာပတေးတို့ ပါဝင်သော AAP MUJHE ACHCHE LAGUE LAGE အမည်ရှိ အိန္ဒိယဇာတ်ကား ပြသနေသည်။

ဆက်လက်၍ ဘုရင်ရုံ၌ MUJHSE DOSTI KAROGE အမည်ရှိ အချစ်စစ် အချစ်မှန်ကို သရုပ်ဖော် တင်ပြသော အိန္ဒိယဇာတ်ကား ရုံတင် ပြသသည်။ သရုပ်ဆောင်များအဖြစ် ဂိုသစ်ရောရှန်း၊ ကရီနာကပူး၊ ရာနီမူ ဟာဂျီတို့ ပါဝင်ထားကြသည်။

ယခုသောကြာပတ်တွင် စိန်သရဖူရုပ်ရှင်မှ **ကံကောင်းခြင်း လက်ဆောင်** ဇာတ်ကား ဘုရင့်နောင်နှင့် ရွှေဗဟိုရုံများတွင် ပြသနေသည်။

(ကြေးမုံ)

ပြသဆဲ **"နှစ်ယောက်မရှိဘူး" ဇာတ်ကားမှ လွင်မိုးနှင့် ထွန်းအိန္ဒြာဗို။**

မြို့မရုံတွင် တင်ဆက်နေသော အိန္ဒိယဇာတ်ကားသစ် HUM KI SI SE KUM NAHIN မှ ပြကွက်တစ်ခု။

ချစ်ခြင်းရင်ခုန် ယုံကြည်စွာဖြင့်

"ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်" ဇာတ်ကားသစ်မှ ဒွေးနှင့် အိန္ဒြာကျော်ဇင်။

UME HOLDINGS

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်မှ ထုတ်လုပ်သည်။

ပဒုမ္မာဆပ်ပြာ

BEST QUALITY

❖ အဝတ်လျှော်ဆပ်ပြာ (Laundry Soap)
❖ ကိုယ်တိုက်ဆပ်ပြာ (၇၀ ဂရမ်) (Perfume Soap)
❖ ကိုယ်တိုက်ဆပ်ပြာ (၁၀၀ ဂရမ်) (Perfume Soap)

❀ အရည်အသွေးမှာ အကောင်းဆုံး
❀ သုံးစွဲမှုမှာကျေနပ်မှု အရှိဆုံး
❀ ဈေးနှုန်းမှာသက်သာမှု အရှိဆုံး
❀ ပဒုမ္မာဆပ်ပြာဟာ အထူးခြားဆုံး

မည်သူမဆို လက်လီ/ လက်ကားဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ : အမှတ် (၁၈၉/ ၁၉၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၀၇၉၈၊ ၂၀၂၆၁၈

ပဒုမ္မာဆပ်ပြာစက်ရုံ : သံဖြူကုန်းကျေးရွာ၊ ပေါင်မြို့နယ်၊ သထုံခရိုင်၊ မွန်ပြည်နယ်။ ဖုန်း - ၀၅၇-၂၄၈၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၂ပညာသင်နှစ်အတွက် ၂၀၀၂ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြီးစီးခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ပြီး တက်ရောက်ဘွဲ့ယူရန် ၄-၄-၂၀၀၃ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးဖြစ်သော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ (အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ **(၃၅)ကြိမ်မြောက်ဘွဲ့နှင်းသဘင် (သင်ရိုးဟောင်း/စတုတ္ထနှစ်)**

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
သမိုင်း(ရန်ကုန်)	၂၄-၉-၂၀၀၃	၂၇-၉-၂၀၀၃(စနေနေ့)
(၄သ-၁မှ၅၃၆အထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
မြန်မာစာ(စစ်တွေ)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
ရူပဗေဒ(စစ်တွေ)		
သချာၤ(စစ်တွေ)		
ရက္ခဗေဒ(စစ်တွေ)		
သတ္တဗေဒ(ပုသိမ်)		
သမိုင်း(ရန်ကုန်)	၂၄-၉-၂၀၀၃	၂၇-၉-၂၀၀၃(စနေနေ့)
(၄သ-၅၃၇မှ ၁၂၀၄အထိ)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
ရူပဗေဒ(ပုသိမ်)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
ရက္ခဗေဒ(ပုသိမ်)		
သမိုင်း(နိုင်ငံခြား)	၂၄-၉-၂၀၀၃	၂၈-၉-၂၀၀၃(တနင်္ဂနွေနေ့)
သမိုင်း(ရန်ကုန်)	မွန်းလွဲ ၂:၀၀နာရီ	နံနက် ၉:၀၀နာရီ
(၄သ-၁၂၀၅နှင့်အထက်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
ဓာတုဗေဒ(ပုသိမ်)		
သချာၤ(ပုသိမ်)		
မြန်မာစာ(ပုသိမ်)	၂၄-၉-၂၀၀၃	၂၈-၉-၂၀၀၃(တနင်္ဂနွေနေ့)
ရူပဗေဒ(ရန်ကုန်)	မွန်းလွဲ ၂:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
(၄ရပ-၁မှ၄၂၉အထိ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
သမိုင်း(ပုသိမ်)	၂၅-၉-၂၀၀၃	၂၉-၉-၂၀၀၃(တနင်္လာနေ့)
(၄သ-၁မှ၅၀၆အထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
ရူပဗေဒ(ရန်ကုန်)	ခန်းမ(ရှေ့ခြမ်း)	(တ-နံနက်)
(၄ရပ-၄၃၀မှ၉၈၉အထိ)		
သမိုင်း(ပုသိမ်)	၂၅-၉-၂၀၀၃	၂၉-၉-၂၀၀၃(တနင်္လာနေ့)
(၄သ-၅၀၉နှင့်အထက်)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
စိတ်ပညာ(ပုသိမ်)	ခန်းမ(နောက်ခြမ်း)	(တ-ညနေ)
ရူပဗေဒ(ရန်ကုန်)		
(၄ရပ-၉၉၀နှင့်အထက်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၂-၉-၂၀၀၃ (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၃။ **(၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (သင်ရိုးဟောင်း/စတုတ္ထနှစ်)**

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ(ထားဝယ်)	၈-၁၀-၂၀၀၃	၁၁-၁၀-၂၀၀၃(စနေနေ့)
သမိုင်း(ထားဝယ်)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
ဓာတုဗေဒ(ရန်ကုန်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
(၄ခ-၁မှ၄၅၃အထိ)		
ပထဝီဝင်(ဟသ်ာတ)	၈-၁၀-၂၀၀၃	၁၁-၁၀-၂၀၀၃(စနေနေ့)
ဓာတုဗေဒ(ရန်ကုန်)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
(၄ခ-၄၅၄မှ၁၀၀၈အထိ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
သမိုင်း(ပြည်)	၈-၁၀-၂၀၀၃	၁၂-၁၀-၂၀၀၃(တနင်္ဂနွေနေ့)
ပထဝီဝင်(ပြည်)	မွန်းလွဲ ၂:၀၀နာရီ	နံနက် ၉:၀၀နာရီ
ဓာတုဗေဒ(ရန်ကုန်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
(၄ခ-၁၀၀၉နှင့်အထက်)		
မြန်မာစာ(ပြည်)	၈-၁၀-၂၀၀၃	၁၂-၁၀-၂၀၀၃(တနင်္ဂနွေနေ့)
ရူပဗေဒ(ဒဂုံ)	မွန်းလွဲ ၂:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
(၄ရပ-၁မှ၄၄၁အထိ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
သမိုင်း(ဟသ်ာတ)	၉-၁၀-၂၀၀၃	၁၃-၁၀-၂၀၀၃(တနင်္လာနေ့)
ရူပဗေဒ(ဒဂုံ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
(၄ရပ-၄၄၂နှင့်အထက်)	ခန်းမ(ရှေ့ခြမ်း)	(တ-နံနက်)
ဓာတုဗေဒ(ဒဂုံ)		
(၄ခ-၁မှ၁၈၆အထိ)		
မြန်မာစာ(ဟသ်ာတ)	၉-၁၀-၂၀၀၃	၁၃-၁၀-၂၀၀၃(တနင်္လာနေ့)
ဓာတုဗေဒ(ဒဂုံ)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
(၄ခ-၁၈၇နှင့်အထက်)	ခန်းမ(နောက်ခြမ်း)	(တ-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၆-၁၀-၂၀၀၃ (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၄။ **(၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (သင်ရိုးဟောင်း/စတုတ္ထနှစ်)**

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ(ရန်ကုန်)	၁၂-၁၁-၂၀၀၃	၁၅-၁၁-၂၀၀၃(စနေနေ့)
(၄မ-၁မှ၆၇၉အထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
ရူပဗေဒ(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
သိပ္ပံအားလုံး(ဘားအံ)		
မြန်မာစာ(ရန်ကုန်)	၁၂-၁၁-၂၀၀၃	၁၅-၁၁-၂၀၀၃(စနေနေ့)
(၄မ-၆၈၁မှ ၁၃၄၇အထိ)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
ဓာတုဗေဒ(မော်လမြိုင်)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
သချာၤ(မော်လမြိုင်)		
မြန်မာစာ(နိုင်ငံခြား)	၁၂-၁၁-၂၀၀၃	၁၆-၁၁-၂၀၀၃(တနင်္ဂနွေနေ့)
မြန်မာစာ(ရန်ကုန်)	မွန်းလွဲ ၂:၀၀နာရီ	နံနက် ၉:၀၀နာရီ
(၄မ-၁၃၅၀နှင့်အထက်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သတ္တဗေဒ(မော်လမြိုင်)		
ရက္ခဗေဒ(မော်လမြိုင်)		
သမိုင်း(စစ်တွေ)		
စိတ်ပညာ(ရန်ကုန်)	၁၂-၁၁-၂၀၀၃	၁၆-၁၁-၂၀၀၃(တနင်္ဂနွေနေ့)
ဓာတုဗေဒ(စစ်တွေ)	မွန်းလွဲ ၂:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
သတ္တဗေဒ(စစ်တွေ)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
ရူပဗေဒ(ပြည်)		
ပထဝီဝင်(ရန်ကုန်)	၁၃-၁၁-၂၀၀၃	၁၇-၁၁-၂၀၀၃(တနင်္လာနေ့)
(၄ရပ-၁မှ၅၂၄အထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
ဓာတုဗေဒ(ပြည်)	ခန်းမ(ရှေ့ခြမ်း)	(တ-နံနက်)
သတ္တဗေဒ(ပြည်)		
ပထဝီဝင်(ရန်ကုန်)	၁၃-၁၁-၂၀၀၃	၁၇-၁၁-၂၀၀၃(တနင်္လာနေ့)
(၄ပ-၅၂၅နှင့်အထက်)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
သချာၤ(ပြည်)	ခန်းမ(နောက်ခြမ်း)	(တ-ညနေ)
ရက္ခဗေဒ(ပြည်)		

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၀-၁၁-၂၀၀၃ (တနင်္လာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က၊ အင်းလျားလမ်း)ဘွဲ့နှင်းဌာနခွဲတွင် ထုတ်ပေးပါမည်။

၅။ **(၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (သင်ရိုးဟောင်း/စတုတ္ထနှစ်)**

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
ဥပဒေ(ရန်ကုန်)	၂၄-၁၁-၂၀၀၃	၂၇-၁၁-၂၀၀၃(ကြာသပတေးနေ့)
ပထဝီဝင်(ထားဝယ်)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀နာရီ
သချာၤ(ရန်ကုန်)	ခန်းမ(ရှေ့ခြမ်း)	(ပ-နံနက်)
(၄သခ-၁မှ၃၈၂အထိ)		
မြန်မာစာ(မော်လမြိုင်)	၂၄-၁၁-၂၀၀၃	၂၇-၁၁-၂၀၀၃(ကြာသပတေးနေ့)
ပထဝီဝင်(မော်လမြိုင်)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
ပထဝီဝင်(ဘားအံ)	ခန်းမ(နောက်ခြမ်း)	(ပ-ညနေ)
သချာၤ(ရန်ကုန်)		
(၄သခ-၃၈၃မှ၈၀၃အထိ)		
စီးပွားရေး(မော်လမြိုင်)	၂၄-၁၁-၂၀၀၃	၂၈-၁၁-၂၀၀၃(သောကြာနေ့)
စိတ်(မော်လမြိုင်)	မွန်းလွဲ ၂:၀၀နာရီ	နံနက် ၉:၀၀နာရီ
ဒဿနိက(မော်လမြိုင်)	ခန်းမ(ရှေ့ခြမ်း)	(ဒု-နံနက်)
သမိုင်း(မော်လမြိုင်)		
သချာၤ(ရန်ကုန်)		
(၄သခ-၈၀၄နှင့်အထက်)		
ပထဝီဝင်(ပုသိမ်)	၂၄-၁၁-၂၀၀၃	၂၈-၁၁-၂၀၀၃(သောကြာနေ့)
စီးပွားရေး(ပုသိမ်)	မွန်းလွဲ ၂:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
ဒဿနိက(ပုသိမ်)	ခန်းမ(နောက်ခြမ်း)	(ဒု-ညနေ)
သတ္တဗေဒ(ရန်ကုန်)		
(၄သတ-၁မှ၄၈၇အထိ)		
ပထဝီဝင် (ပဲခူး)	၂၅-၁၁-၂၀၀၃	၂၉-၁၁-၂၀၀၃(စနေနေ့)
ပထဝီဝင် (စစ်တွေ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀ နာရီ
စီးပွားရေး (စစ်တွေ)	ခန်းမ (ရှေ့ခြမ်း)	(တ - နံနက်)
စိတ်ပညာ (စစ်တွေ)		
ဒဿနိက (စစ်တွေ)		
သတ္တဗေဒ (ရန်ကုန်)		
(၄သတ - ၄၈၈မှ၈၃၀အထိ)		
သမိုင်း (ပဲခူး)	၂၅-၁၁-၂၀၀၃	၂၉-၁၁-၂၀၀၃(စနေနေ့)
သတ္တဗေဒ(ရန်ကုန်)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
(၄သတ - ၈၃၁နှင့်အထက်)	ခန်းမ(နောက်ခြမ်း)	(တ-ညနေ)

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၂၁-၁၁-၂၀၀၃(သောကြာနေ့)မှစ၍ ရန်ကုန်အဝေးသင်တက္ကသိုလ် (၄၇/က-အင်းလျားလမ်း) ဘွဲ့နှင်းဌာနခွဲတွင်ထုတ်ပေးပါမည်။

၆။ **(၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (သင်ရိုးဟောင်း/ စတုတ္ထနှစ်)**

အထူးပြု/ဌာနခွဲ	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
မြန်မာစာ (ဒဂုံ)	၁၀-၁၂-၂၀၀၃	၁၃-၁၂-၂၀၀၃(စနေနေ့)
(၄မ - ၁မှ ၄၂၁ အထိ)	နံနက် ၉:၀၀နာရီ	နံနက် ၉:၀၀ နာရီ
ဒဿနိက (ဒဂုံ)	ခန်းမ (ရှေ့ခြမ်း)	(ပ - နံနက်)
ရူပဗေဒ (ပဲခူး)		
သိပ္ပံအားလုံး (ထားဝယ်)		
မြန်မာစာ (ဒဂုံ)	၁၀-၁၂-၂၀၀၃	၁၃-၁၂-၂၀၀၃ (စနေနေ့)
(၄မ - ၄၂၂မှ၇၉၃အထိ)	နံနက် ၉:၀၀နာရီ	မွန်းလွဲ ၂:၃၀နာရီ
